# ဆရာများအတွက်အမှာစာ

ဤအမှာစာတွင် ဆရာလမ်းညွှန်စာအုပ်မိတ်ဆက် (Introduction)၊ သင်ခန်းစာအစီအစဉ်များ (Lesson Plans) နှင့် ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက် (Glossary of Words) ဟူ၍ အဓိကအပိုင်း ၃ ပိုင်းပါရှိသည်။

## ၁။ ဆရာလမ်းညွှန်စာအုပ်မိတ်ဆက်

ဆရာလမ်းညွှန်စာအုပ်မိတ်ဆက်တွင် ဆရာများသိရှိထားသင့်သော အောက်ပါအကြောင်းအရာများ ပါဝင်သည်။

(က) ကျောင်းသားဗဟိုပြုသင်ကြားနည်းပညာကိုခြုံငုံတင်ပြခြင်း

(ခ) ထိရောက်သောသင်ကြားသင်ယူမှုအတွက်အခြေခံစည်းမျဉ်းများ

(ဂ) ဘလွန်းမ်၏သင်ယူမှုအဆင့်ခွဲခြင်း (Bloom's Taxonomy)

(ဃ) သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင် မေးမြန်းနိုင်သောမေးခွန်းများ

(င) စာသင်ခန်းအဆင့်တတ်မြောက်မှု စစ်ဆေးအကဲဖြတ်ခြင်းကို ခြုံငုံတင်ပြခြင်း

(စ) ၂၁ရာစုကျွမ်းကျင်မှုများ (21stCentury Skills) နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills)

(ဆ) အလယ်တန်းနှင့် အထက်တန်းအဆင့် စာသင်ခန်းများအတွင်း လူမှုရေးရှုထောင့်များကို ခြုံငုံတင်ပြခြင်း

(ဇ) သင်ရိုးမာတိကာ (Syllabus) နှင့် စာသင်နှစ် တစ်နှစ်စာသင်ခန်းစာအစီအစဉ် (Year Plan)

### (က) ကျောင်းသားဗဟိုပြုသင်ကြားနည်းပညာကိုခြုံငုံတင်ပြခြင်း

ကျောင်းသားဗဟိုပြုသင်ကြားသည့် အလယ်တန်းနှင့် အထက်တန်းအဆင့် စာသင်ခန်းများတွင် အောက်ဖော်ပြပါ အဓိကအချက်များကို လေ့လာတွေ့ရှိနိုင်ပါသည်။

- သင်ခန်းစာများသည် စိတ်ဝင်စားဖွယ်ကောင်းပြီး ကျောင်းသားများ၏ လက်တွေ့ဘဝနှင့် ဆီလျော်၍ အဓိပ္ပာယ်ပြည့်ဝမှုရှိသည်။
- ကျောင်းသားများသည် တက်ကြွစွာသင်ယူကြပြီး သင်ကြားပုံစံများတွင် အတန်းဖော်များနှင့် ပူးပေါင်းဆောင်ရွက်ကြသည်။
- ဆရာများသည် ကျောင်းသားများအတွက် လက်တွေ့ဘဝတွင် တွေ့ကြုံနိုင်သည့် အခက်အခဲ

DBE BOX

ပြဿနာများ ဖြေရှင်းရသည့်အခြေအနေများနှင့် စိန်ခေါ်မှုများကို စီစဉ်ဖန်တီးပေးသည်။

- ကျောင်းသားများသည် ပြဿနာဖြေရှင်းခြင်း (problem solving) နှင့် အဆင့်အတန်းမြင့်မားစွာ ဆန်းစစ်တွေးခေါ်ခြင်း (higher level critical thinking) ဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်လာသည်။
- ဆရာက ကျောင်းသားများအား ရှင်းပြသည်။ မေးခွန်းများမေးသည်။ နားထောင်သည်။ ကျောင်းသားများကလည်း အချင်းချင်း ဆွေးနွေးကြသည်။ မေးခွန်းများ မေးကြသည်။ နားထောင်ကြသည်။

## (ခ) ထိရောက်သောသင်ကြားသင်ယူမှုအတွက်အခြေခံစည်းမျဉ်းများ

ထိရောက်သော သင်ကြားသင်ယူမှုတွင် ဆရာနှင့်ကျောင်းသားများ အတူတကွအောက်ပါတို့ကို ဆောင်ရွက်ကြသည်။

- ကျောင်းသားများအတွက် ဆရာက သင်ယူမှုကို ရှင်းလင်းအောင်ဆောင်ရွက်ပေးသည်။
- ဆရာနှင့် ကျောင်းသားများသည် သင်ကြားသင်ယူမှုဆိုင်ရာချဉ်းကပ်နည်းမျိုးစုံ အသုံးပြုကြသည်။
- ဆရာနှင့် ကျောင်းသားများတွင် တိကျရှင်းလင်းသော သင်ကြားသင်ယူရရှိမှုနှင့် တုံ့ပြန်အကြံပြုချက်များ (feedback) ပုံမှန်ရှိနေကြသည်။


## သင်ယူမှုရလဒ်များ (Learning Outcomes)

သင်ယူမှုအချိန်ကာလတစ်ခုအဆုံးတွင် ကျောင်းသားများအား မည်သည့်အသိဉာဏ်ပညာ၊ ဗဟုသုတ၊ စိတ်နေသဘောထားနှင့် တန်ဖိုးထားမှုများ သိရှိသွားစေရန်၊ နားလည်သွားစေရန်၊ လက်တွေ့လုပ်ဆောင်နိုင်စေရန် မျှော်မှန်းထားသည်များကို ရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ဖော်ပြချက်များပါရှိသည်။ (သင်ခန်းစာ အစီအစဉ်များ (lesson plans) ကို ကြည့်ပါ။)

## (ဂ) ဘလွန်းမ်၏သင်ယူမှုအဆင့်ခွဲခြင်း (Bloom's Taxonomy)

အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားများတွင် အဆင့်မြင့်စဉ်းစားတွေးခေါ်မှုစွမ်းရည်များ (higher order thinking skills) ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်ခန်းစာအစီအစဉ်များ (lesson plans) နှင့် သင်ယူမှုလုပ်ငန်းများ (activities) တွင် ဘလွန်းမ်၏ သင်ယူမှုအဆင့်များကို ထည့်သွင်း အသုံးပြုထားသည်။ သင်ခန်းစာအစီအစဉ်များတွင် ယင်းအဆင့်များကိုဖော်ပြသည့် အဓိကစကားလုံးများဖြစ်သည့် မှတ်မိသည်၊ နားလည်သည်၊ အသုံးချသည်၊ စိစစ်ပိုင်းခြားသည်၊ အကဲဖြတ်

သည်၊ တီထွင်ဖန်တီးသည် အစရှိသည်တို့ကို ရှာဖွေကြည့်ပါ။




**ဘလွန်းမ်၏ သင်ယူမှုအဆင့်များပြပုံ**

## (ဃ) သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင်မေးမြန်းနိုင်သောမေးခွန်းများ

ဆရာသည် သင်ခန်းစာ၏ အစ၊ အလယ်၊ အဆုံးအဆင့်များတွင် အောက်ဖော်ပြပါမေးခွန်းများကို မေးမြန်း ဆန်းစစ်သင့်ပါသည်။

**သင်ခန်းစာအစတွင်**

ယခုသင်မည့် သင်ခန်းစာပြီးဆုံးသွားလျှင် ကျောင်းသားများသည် မည်သည့်ကျွမ်းကျင်မှုများနှင့် အသိဉာဏ်ပညာများကို သင်ယူရရှိသွားမည်နည်း။

- စီစဉ်ထားသော သင်ယူမှုလုပ်ငန်းများကို လုပ်ဆောင်ရန် ကျောင်းသားများကို မည်သို့စုစည်းမည်နည်း။
- ဆရာအတွက် မည်သည့် သတင်းအချက်အလက်များ လိုအပ်သနည်း။ ကျောင်းသားများအတွက် မည်သည့် သတင်းအချက်အလက်များ လိုအပ်သနည်း။
- ဆရာအတွက် မည်သည့်ကိရိယာ၊ သင်ထောက်ကူပစ္စည်းများ လိုအပ်သနည်း။ ကျောင်းသားများအတွက် မည်သည့်ကိရိယာ၊ သင်ထောက်ကူပစ္စည်းများ လိုအပ်သနည်း။
- သင်ထောက်ကူပစ္စည်းများကို မည်သို့ရရှိစုစည်းပြီး အသုံးပြုမည်နည်း။

DBE BOX

- မည်သည့် ရလဒ်ရလိမ့်မည်ဟု ထင်သနည်း။

**သင်ခန်းစာအလယ်တွင်**

- သင်ခန်းစာ သင်ယူမှုလုပ်ငန်းသည် မျှော်မှန်းထားသကဲ့သို့ဖြစ်နေမှု ရှိ မရှိ။
- ကျောင်းသားများ သင်ခန်းစာကို နားလည်စေရေးအတွက် အထောက်အကူပြုနိုင်ရန် ဆရာ့အနေဖြင့် လိုအပ်သော အခြားသတင်းအချက်အလက်များ လိုအပ်မှု ရှိ မရှိ။

**သင်ခန်းစာအဆုံးတွင်**

- မျှော်မှန်းထားသည့်အတိုင်း ဆရာ၏ သင်ကြားမှုလုပ်ငန်း ပြီးမြောက်ခဲ့ခြင်း ရှိ မရှိ။
- သင်ခန်းစာသည် ကျောင်းသားများကို စဉ်းစားတွေးခေါ်ဖြစ်စေသည့် အခြားမေးခွန်းများ ထွက်ပေါ်စေခဲ့ခြင်း ရှိ မရှိ။
- အခြားသင်နည်းတစ်မျိုးနှင့် ဆောင်ရွက်နိုင်ခဲ့ခြင်း ရှိ မရှိ။
- ဆရာ သို့မဟုတ် ကျောင်းသားများသည် ဤသင်ခန်းစာမှ မည်သည်တို့ကို သင်ယူနိုင်ခဲ့ကြသနည်း။
- ဆရာ၏ သင်ကြားမှုသည် ကျောင်းသားတစ်ဦးချင်းစီ၏ သင်ခန်းစာပါ သဘောတရားများ နားလည်မှုကို အကဲဖြတ်ရန် အထောက်အကူဖြစ်ခဲ့ခြင်း ရှိ မရှိ။
- ဤသင်ခန်းစာကိုလည်းကောင်း၊ နောင်သင်ကြားမည့် သင်ခန်းစာကိုလည်းကောင်း ပိုမိုကောင်းမွန်စေရန် မည်သည်တို့ကို ထည့်သွင်းသင်ကြားရန် လိုအပ်မည်နည်း။

## (င) စာသင်ခန်းအဆင့်တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းကိုခြုံငုံတင်ပြခြင်း

သင်ယူမှုအတွက် စစ်ဆေးအကဲဖြတ်မှုအားလုံး၏ ၉၀% ကို သင်ကြားနေစဉ်အတွင်း ဆောင်ရွက်ခြင်းဖြစ်သည်။ ကျောင်းသားများနှင့် ဆရာတို့အား အကြံပြုချက်များ (feedback) ချက်ချင်းပေးရန်အတွက် စာသင်ခန်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်းကို အသုံးပြုသည်။ ဤစစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအား ရှေ့ဆက်၍ အောင်မြင်စွာ သင်ယူလိုပါက နောင်တွင် မည်သို့သင်ယူရန်လိုအပ်သည်ကို ခွဲခြားသိရှိနိုင်စေရန် ကူညီပေးသည်။ ဆရာများသည် ထိရောက်သော သင်ကြားရေးနည်းဗျူဟာများနှင့် ထိရောက်မှုနည်းသော သင်ကြားရေးနည်းဗျူဟာများကို ခွဲခြားသတ်မှတ်ရန် သင်ကြားနေစဉ်အတွင်း လေ့လာကြည့်ရှုခြင်းများ ပြုလုပ်နိုင်သည်။

**(၁) စာသင်ခန်းအဆင့် တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းတွင် အောက်ပါနည်းလမ်းများ ပါဝင်ပါသည်။**

- **ကျောင်းသားဗဟိုပြုမှု** – ဆရာနှင့် ကျောင်းသားများသည် ဆရာက သင်ကြားခြင်းထက် ကျောင်းသားများကိုယ်တိုင် စူးစမ်းလေ့လာခြင်းနှင့် သင်ယူမှုပိုမိုတိုးတက်ရေးကို အလေးထားကြသည်။ ကျောင်းသားများသည် ဆရာက မည်သည်ကို လုပ်ဆောင်ရန်ပြော၍ မဟုတ်ဘဲ မည်သည်ကို သင်ယူရန် နားလည်ကြသည်။
- **ဆရာ၏စီစဉ်ဆုံးဖြတ်မှု** – ဆရာအသီးသီးသည် မည်သည်ကို မည်သို့ စစ်ဆေးအကဲဖြတ်ရမည်နှင့် စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသည့်အချက်အလက်များကို မည်သို့ အသုံးပြုဆောင်ရွက်မည်ဆိုသည်ကို ဆုံးဖြတ်သည်။
- **ကျောင်းသားများ၏တက်ကြွသောပါဝင်ဆောင်ရွက်မှု** – ကျောင်းသားများသည် စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ်ပါဝင်သောကြောင့် မိမိတို့ မည်သည့်အရာကို သင်ယူသင့်သည်ကို ပိုမို နားလည်ကြသည်။ ထို့အပြင် မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း (self-assessment) တွင်လည်း ပိုမို ကျွမ်းကျင်လာသည်။ ကျောင်းသားများသည် ဆရာက ယင်းတို့ကို သင်ယူသူအဖြစ် စိတ်ဝင်စားမှုရှိကြောင်း နားလည်သဘောပေါက်လာသောအခါ သင်ယူလိုစိတ် မြင့်မားလာသည်။
- **သင်ကြားသင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်း** (Formative Assessment) – သင်ကြားသင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသား၏ သင်ယူမှုတိုးတက်မှုအခြေအနေအကြောင်းကို ဆရာ သိရှိစေသော အထောက်အထားများ ဖြစ်သည်။ သင်ကြားသင်ယူစဉ် စစ်ဆေးအကဲဖြတ်မှသာ ဆရာက ကျောင်းသားများ၏ သင်ယူမှုတိုးတက်စေရန် ကူညီပေးနိုင်မည် ဖြစ်သည်။ ဆရာက ကျောင်းသားများ၏ သင်ယူမှုဆိုင်ရာ အထောက်အထားကို အကောင်းဆုံး မည်သို့ မှတ်သားမည်ကို ဆုံးဖြတ်ရန် လိုအပ်သည်။ သို့မှသာ ရရှိသည့် အထောက်အထားအပေါ် မူတည်၍ ဆရာက ကျောင်းသား၏ သင်ယူမှုတိုးတက်စေရန် မိမိ၏ သင်ကြားမှုကို ထိန်းညှိနိုင်သည်။ ဆရာများ၏ သင်ကြားသင်ယူစဉ် စစ်ဆေးအကဲဖြတ်မှု စွမ်းရည်နှင့် နည်းလမ်းများ ပိုမို ကောင်းမွန်စေရေးအတွက် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills: C - ၅ လုံး) ဖွံ့ဖြိုးရေးကို စတင် ဆောင်ရွက်ရန်အရေးကြီးသည်။ ဆရာတိုင်းတွင် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများရှိလျှင် သင်ခန်းစာတိုင်းတွင် ကျောင်းသားများ၏ သင်ယူမှုကို အားပေးမြှင့်တင်နိုင်မည် ဖြစ်သည်။

**(၂) စာသင်ခန်းအဆင့်သင်ကြားစဉ်စစ်ဆေးအကဲဖြတ်ခြင်းအတွက်နည်းဗျူဟာများ**

- **လေ့လာကြည့်ရှုခြင်း** (Observation) – လက်တွေ့လုပ်ငန်းများနှင့် သရုပ်ပြလုပ်ရှားဆောင်ရွက်မှုများအတွက် ပြင်ဆင်နေကြပုံများအပါအဝင် အုပ်စုလိုက်ဆောင်ရွက်ကြပုံများကို

DBE-BOX

ဆရာက တိုက်ရိုက်လေ့လာကြည့်ရှုခြင်းနှင့် တွေ့ရှိချက်များကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ကိုယ်ရည် ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills: C - ၅ လုံး) ကိုလည်း လေ့လာကြည့်ရှုပါ။

- **မေးခွန်းများမေးခြင်း** (Questioning) – ဆရာသည် ကျောင်းသားများ၏ သိနားလည်မှု (ဘလွန်းမ်၏ သင်ယူမှုအဆင့်ခွဲခြင်း) ကို ဆုံးဖြတ်ရန် မေးခွန်းများမေး၍ ရရှိသောရလဒ်အရ ယင်း၏သင်ကြားမှုကို ချိန်ဆသည်။ ဤသို့ဆောင်ရွက်ခြင်းသည် သင်ခန်းစာများ သို့မဟုတ် သင်ခန်းစာတစ်ခု၏ နောက်ဆုံးအဆင့်ဖြစ်သော ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်းတွင်သာမက စာသင်ကြားစဉ် အချိန်မရွေး ဖြစ်ပေါ်နိုင်သည်။
- **ကျောင်းသားများ၏သင်ယူမှုဂျာနယ်** (Student Learning Journal) – ဆရာသည် စဉ်းစားဖြေဆိုရသည့် မေးခွန်းများ (open-ended questions) (ဥပမာ - မည်သည်ကို သင်ယူခဲ့ပြီး ဖြစ်သည်။ မည်သည်ကို သင်ယူရန်လိုအပ်နေသေးသည်။) ကိုပေး၍ ကျောင်းသားများအား လေ့ကျင့်ခန်းစာအုပ်တွင် အဖြေများ ရေးသားစေခြင်းဖြစ်သည်။ ဤကဲ့သို့ သင်ယူမှုဂျာနယ်ရေးခြင်းကို သင်ခန်းစာပြီးဆုံးသောအခါ ပြန်လည်သုံးသပ်ခြင်းအဖြစ် သုံးနိုင်သည်။ ထို့အပြင် နောက်သင်ခန်းစာအစတွင်လည်း ကျောင်းသားများအား သူတို့သိပြီးသော ယနေ့သင်ခန်းစာ၏ ရည်ရွယ်ချက်ကို ပြန်ချရေးခိုင်းခြင်းဖြင့် အထက်ပါနည်းလမ်းကို အသုံးပြုကာ ကျောင်းသားများ ရရှိထားသော ဗဟုသုတအခြေအနေကို စစ်ဆေးနိုင်သည်။ ဆရာသည် ကျောင်းသားများ၏ သင်ယူမှုဂျာနယ်များကို နမူနာ (ဥပမာ - ၁၀ အုပ်) ကောက်ယူကြည့်၍ တစ်တန်းလုံး၏ လုပ်ဆောင်တတ်မြောက်မှုအခြေအနေ သို့မဟုတ် ယခင်ရှိပြီးသား ဗဟုသုတကို ချိုင့်အကဲဖြတ်ခြင်းနှင့် တွေ့ရှိချက်အပေါ် မူတည်၍ သင်ကြားမှု ထိန်းညှိခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

## (စ) ၂၁ရာစုကျွမ်းကျင်မှုများ (21st Century Skills) နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills)

လူငယ်များသည် ရှုပ်ထွေးသော ကမ္ဘာလောကကြီးတွင် လျှောက်လှမ်းရမည့်ဘဝခရီးနှင့် အလုပ်ခွင်အတွက် ၂၁ ရာစုကျွမ်းကျင်မှုများနှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ လိုအပ်ပါသည်။ ယ-၅လုံး (5 C's) သို့မဟုတ် သင်ယူမှုအတွက် အရေးကြီးသောကျွမ်းကျင်မှုများမှာ -

- **ပူးပေါင်းဆောင်ရွက်ခြင်း** (Collaboration) **/ အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်ခြင်း** (Group Work) – ကျောင်းသားများအား အုပ်စုဖြင့် လုပ်ငန်းဆောင်ရွက်တတ်ရန်၊ အတွေးအခေါ်များ မျှဝေရန်နှင့် ပြဿနာအခက်အခဲများကို ပူးပေါင်းအဖြေရှာတတ်ရန် အားပေးသည်။
- **ဆက်သွယ်ပြောဆိုခြင်း** (Communication) – နှုတ်အားဖြင့်၊ ကိုယ်ဟန်အမူအရာအားဖြင့်

DBE BOX

ဆက်သွယ်ခြင်း၊ စာဖတ်ခြင်း၊ စာရေးခြင်း၊ စကားပြောခြင်း၊ နားထောင်ခြင်းတို့ဖြစ်သည်။

- **လေးနက်စွာဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း** (Critical Thinking and Problem Solving) – ကျောင်းသားများအား ပြဿနာများ၏အဖြေများကို ရှာဖွေခြင်းနှင့် အမှားပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခွင့်ပေးသည်။
- **တီထွင်ဖန်တီးခြင်း** (Creativity and Innovation) – အတွေးအခေါ် အယူအဆသစ်များ ရှာဖွေခြင်းနှင့် ပြဿနာများကိုဖြေရှင်းခြင်းတို့ပြုလုပ်ရန် သတ်မှတ်ထားသည့် စည်းဘောင် အတွင်းမှ အပြင်သို့ထွက်၍ တွေးခေါ်စေခြင်း ဖြစ်သည်။
- **နိုင်ငံသားကောင်းဖြစ်ခြင်း** (Citizenship) – ကျောင်းတွင်း လူမှုအဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်ခြင်း၊ တရားမျှတခြင်းနှင့် ပဋိပက္ခဖြေရှင်းခြင်းတို့ဖြစ်သည်။

## (ဆ) အလယ်တန်းနှင့်အထက်တန်းအဆင့်စာသင်ခန်းများအတွင်း လူမှုရေးရှုထောင့်များကို ခြုံငုံတင်ပြခြင်း (ကျား–မ၊ လူမျိုးစု၊ လူမှုရေးအဆင့်အတန်းနှင့် မသန်စွမ်းမှု)

အမျိုးသားပညာရေးဥပဒေ (၂၀၁၄) တွင် သင်ရိုးညွှန်းတမ်းသည် မတူကွဲပြားခြားနားခြင်း (diversity) ကို နားလည်လက်ခံသော၊ တန်းတူညီမျှမှု (equality) ကို အလေးထားသော၊ ဒီမိုကရေစီ အလေ့အကျင့်နှင့် လူ့အခွင့်အရေး (human rights) ဆိုင်ရာစံနှုန်းများကို တန်ဖိုးထားသော၊ တိုင်းရင်း သားမျိုးနွယ်စုအသီးသီး၏ ကြွယ်ဝသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံနှင့် သမိုင်း အမွေအနှစ်တို့ကို မြှင့်တင်နိုင်စွမ်းရှိသော နိုင်ငံသားကောင်းများကို မွေးထုတ်ပေးနိုင်သည့် သင်ရိုး ညွှန်းတမ်းဖြစ်သည့်အပြင် နိုင်ငံတကာပညာရေး သင်ရိုးညွှန်းတမ်းများနှင့်လည်း လိုက်လျောညီထွေ ရှိရမည်ဟု ဖော်ပြထားသည်။

အခြေခံစည်းမျဉ်းအနေဖြင့် အခြေခံပညာအဆင့် စာသင်ခန်းများသည် ကျား - မ၊ လူမျိုးစု၊ လူမှုရေး အဆင့်အတန်းနှင့် မသန်စွမ်းမှုတို့ကို မခွဲခြားဘဲ ကျောင်းသားအားလုံး အကျုံးဝင် (inclusive) စေရန် ဖြစ်သည်။ အားလုံးအကျုံးဝင်ပြီး သာတူညီမျှမှု (equity) ရှိသော ကျောင်းပတ်ဝန်းကျင်သည် ကျောင်းသား၊ ကျောင်းသူတစ်ဦးစီ၏ ကိုယ်ပိုင်လက္ခဏာနှင့် တန်ဖိုးထားမှုကို လေးစားပြီး တစ်ဦးနှင့် တစ်ဦး မတူညီသောကွဲပြားခြားနားမှုကို နားလည်အသိအမှတ်ပြုကာ ကျောင်းသားအားလုံး ပညာ သင်ကြားခွင့်ရစေမည် ဖြစ်သည်။

ဆရာသည် နိုင်ငံသားကောင်းဖြစ်စေရန် စေ့ဆော်ပေးသည့် လိုလားဖွယ်ရာ အပြုသဘော ဆောင်သည့် သဘောထားများနှင့် တန်ဖိုးထားမှုများပါသည့် မိမိ၏လုပ်ရှားဆောင်ရွက်မှုများကို နမူနာ ကောင်းများအဖြစ် ကျောင်းသားများအား ပြသရန်လိုအပ်ပါသည်။ ယင်းအပြုသဘောဆောင်သည့်

DBE BOX

သဘောထားများနှင့် တန်ဖိုးထားမှုများကပင် ကျောင်းသားများတွင် နိုင်ငံသားကောင်းစိတ်ဓာတ်များ ပေါက်ဖွားလာစေမည်ဖြစ်သည်။

ထို့အပြင် ဆရာသည် မိမိ၏စာသင်ခန်းအတွင်း လူမှုရေးဘက်လိုက်မှုများကို သတိပြု ရှောင်ကြဉ်ရမည်။ ယင်းတို့မှာ တရားသေစွဲမှတ်ထားသော အခန်းကဏ္ဍများ (stereotyped roles)၊ မတူညီသော ယဉ်ကျေးမှု၊ မတူညီသော လူမျိုးစု နိုင်ငံသားများအကြား ခွဲခြားဆက်ဆံမှုများ၊ လူမှုရေး အဆင့်အတန်းအရ ဘက်လိုက်မှုများ၊ ရိုးရာဓလေ့ထုံးစံများနှင့် တန်ဖိုးထားမှုများကို လျစ်လျူရှုခြင်းတို့ ဖြစ်သည်။

ဆရာသည် မိမိ၏ စာသင်ခန်း၊ သင်ခန်းစာများ၊ ကျောင်းပတ်ဝန်းကျင်တို့တွင် သာတူညီမျှမှုနှင့် အားလုံး အကျုံးဝင်မှုကို အားကောင်းစေသည့် အခြားဥပမာများ၊ အခွင့်အလမ်းများကို ရှာဖွေပါ။ ကျောင်းသား၊ ကျောင်းသူအားလုံးကို တန်ဖိုးထားလေးစားရေးအတွက် ကျောင်းရှိ အခြားဆရာများနှင့်လည်း မိမိ၏စိတ်ကူးများကို မျှဝေ ဆွေးနွေးနိုင်သည်။

## (ဈ) သင်ရိုးမာတိကာ (Syllabus) နှင့် စာသင်နှစ်တစ်နှစ်စာ သင်ခန်းစာအစီအစဉ် (Year Plan)

သတ္တမတန်း၊ ဂီတအနုပညာဘာသာရပ်သင်ရိုးမာတိကာ၊ စာသင်နှစ်တစ်နှစ်စာ သင်ခန်းစာ အစီအစဉ် (Year Plan) နှင့် သင်ခန်းစာခေါင်းစဉ်အလိုက် အချိန်ခွဲဝေမှုတို့ကို ဇယားများဖြင့် ဖော်ပြထားသည်။

### (၁) သတ္တမတန်း (Grade-7) ဂီတအနုပညာဘာသာရပ် သင်ရိုးမာတိကာ (Syllabus)

| နယ်ပယ် (Strand) | သင်ယူမှုရည်ရွယ်ချက်များ (Learning Objectives) | သင်ယူမှုရလဒ်များ (Learning Outcomes) | တတ်မြောက်မှု အညွှန်းကိန်းများ (Achievement Indicators) |
|---|---|---|---|
| အဆို | မဟာဂီတသီချင်းနှင့် မြန်မာသံစဉ် ကာလပေါ် သီချင်းတို့ကို မြတ်နိုး တန်ဖိုးထားတတ်ရန် | မဟာဂီတသီချင်းနှင့် မြန်မာ သံစဉ် ကာလပေါ် သီချင်းတို့ကို စိတ်ဝင်စားလာကာ မြတ်နိုး တန်ဖိုးထားတတ်လာမည်။ | |
| | မြန်မာ့ဂီတအခြေခံစည်းဝါးကို ကိုင်တွယ် တီးခတ်တတ်ရန် | မြန်မာ့ဂီတအခြေခံစည်းဝါးကို ကိုင်တွယ် တီးခတ်တတ်မည်။ | မြန်မာ့ဂီတအခြေခံစည်းဝါးကို ကိုင်တွယ်တီးခတ်တတ်သည်။ |

DBE Box

| | | | |
|---|---|---|---|
| | “ကလပ်ကြီးကြိုး” (သီတာ) သီချင်း၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး သံစဉ်စည်းဝါး မှန်ကန်စွာ ခံစားသီဆိုတတ်ရန်<br><br>“နှလုံးသားကို အလှဆင်ပါ” သီချင်း၏ အဓိပ္ပာယ်ကို သိရှိ နားလည်ပြီး သံစဉ်စည်းဝါး မှန်ကန်စွာ ခံစားသီဆိုတတ်ရန်<br><br>ဂီတသင်္ကေတကို ကြည့်၍ မှန်ကန်စွာ ရွတ်ဆိုတတ်ရန် | “ကလပ်ကြီးကြိုး” (သီတာ) သီချင်း၏ အဓိပ္ပာယ်ကို သိရှိ နားလည်ပြီး သံစဉ်စည်းဝါး မှန်ကန်စွာဖြင့် ခံစားသီဆို တတ်မည်။<br><br>“နှလုံးသားကို အလှဆင်ပါ” သီချင်း၏ အဓိပ္ပာယ်ကို သိရှိ နားလည်ပြီး သံစဉ်စည်းဝါး မှန်ကန်စွာ ခံစားသီဆို တတ်မည်။ ကိုယ်တိုင်လက်တွေ့ ဆောင်ရွက်တတ်လာမည်။<br><br>ဂီတသင်္ကေတကို ကြည့်၍ မှန်ကန်စွာ ရွတ်ဆိုတတ်မည်။ | မဟာဂီတသီချင်းဖြစ်သော “ကလပ်ကြီးကြိုး” (သီတာ) သီချင်းနှင့် မြန်မာသံစဉ် ကာလပေါ်သီချင်းဖြစ်သော “နှလုံးသားကို အလှဆင်ပါ” သီချင်းတို့၏ အဓိပ္ပာယ်ကို ရှင်းပြနိုင်ပြီး ခံစားချက်ကို ဆွေးနွေးတတ်သည်။ သီချင်းများကို သံစဉ်စည်းဝါး မှန်ကန်စွာ ခံစားသီဆိုနိုင် သည်။<br><br>ဂီတသင်္ကေတကို ကြည့်၍ မှန်ကန်စွာ ရွတ်ဆိုတတ်သည်။ |
| အက | အခြေခံကဗျာလွတ် ကကွက်များကို လက်တွေ့ လေ့ကျင့်ပြီး နားလည်တန်ဖိုးထား တတ်ရန်<br><br>မေးထိုးအက၊ သုံးပွင့်ဆိုင်အက၊ ကန်တော့ပန်းအကနှင့် ငှက်ပျောဖူးလက်အကတို့၏ ခေါင်း၊ ခါး၊ ခြေ၊ လက်၊ မျက်နှာလှုပ်ရှားမှုများကို ရှင်းပြနိုင်ပြီး စည်းဝါးမှန်ကန်စွာ စနစ်တကျ ကပြတတ်ရန် | အခြေခံကဗျာလွတ် ကကွက် များကို လက်တွေ့လေ့ကျင့်ပြီး မြတ်နိုးတန်ဖိုးထားတတ်လာ မည်။<br><br>မေးထိုးအက၊ သုံးပွင့်ဆိုင်အက၊ ကန်တော့ပန်းအကနှင့် ငှက်ပျောဖူးလက်အကတို့၏ ခေါင်း၊ ခါး၊ ခြေ၊ လက်၊ မျက်နှာလှုပ်ရှားမှုများကို ရှင်းပြ နိုင်ပြီး စည်းဝါးမှန်ကန်စွာ စနစ်တကျ ကပြတတ်မည်။ | မေးထိုးအက၊ သုံးပွင့်ဆိုင်အက၊ ကန်တော့ပန်းအကနှင့် ငှက်ပျောဖူးလက်အကတို့၏ ကိုယ်ဟန်အနေအထားကို ရှင်းပြတတ်ပြီး စည်းဝါးနှင့်အညီ စနစ်တကျ ကပြတတ်သည်။ |

| | | | |
|---|---|---|---|
| | အခြေခံကဗျာလွတ်အကများမှ တစ်ဆင့် ယိမ်းအက၊ တိုင်းရင်းသား ရိုးရာအကများနှင့် တွဲဖက် ကပြတတ်ရန် | မြန်မာ့ရိုးရာအကများ၊ ယိမ်းအကနှင့် တိုင်းရင်းသား ရိုးရာအကများကို အချိုးအစား ကျနစွာ စည်းဝါးနှင့်အညီ ကပြတတ်မည်။ | မြန်မာ့ရိုးရာအကများ၊ ယိမ်းအကနှင့် တိုင်းရင်းသား ရိုးရာအကများကို အချိုးအစား ကျနစွာ စည်းဝါးနှင့်အညီ ကပြတတ်သည်။ |
| အတီး | အခြေခံဂီတသင်္ကေတ သဘောတရားကို သိရှိရွတ်ဆို နိုင်ပြီး၊ ဂီတသင်္ကေတ လေ့ကျင့် ခန်းများကို ထပ်ကာထပ်ကာ လေ့ကျင့်တီးမှုတ်ခြင်းဖြင့် ကဗျာ များ၊ ကျေးလက်တေးများနှင့် အခြားတေးသီချင်းများကို ပလွေ ဖြင့် သံစဉ်မှန်ကန်စွာ တီးမှုတ် တတ်ရန်<br><br>"သင်္ကြန်မိုး" သီချင်းနှင့် "ဘယ်ပန်းချီရေးလို့မမီ" သီချင်းတို့ကို ပလွေဖြင့် စည်းချက်ညီညီ မှုတ်တတ်ရန်<br><br>ဂီတအနုပညာ အထွေထွေ ဗဟုသုတ သင်ခန်းစာ အကြောင်းအရာများကို သိရှိ နားလည်ရန် | အခြေခံဂီတသင်္ကေတ သဘောတရားကို သိရှိရွတ်ဆို နိုင်ပြီး၊ ဂီတသင်္ကေတ လေ့ကျင့် ခန်းများကို ထပ်ကာထပ်ကာ လေ့ကျင့်တီးမှုတ်ခြင်းဖြင့် ကဗျာ များ၊ ကျေးလက်တေးများနှင့် အခြားတေးသီချင်းများကို ပလွေဖြင့် သံစဉ်မှန်ကန်စွာ တီးမှုတ်တတ်မည်။<br><br>"သင်္ကြန်မိုး" သီချင်းနှင့် "ဘယ်ပန်းချီရေးလို့မမီ" သီချင်းတို့ကို ပလွေဖြင့် စည်းချက်ညီညီ မှုတ်တတ်မည်။<br><br>ဂီတအနုပညာ အထွေထွေ ဗဟုသုတ သင်ခန်းစာ အကြောင်းအရာများကို သိရှိ နားလည်မည်။ | အခြေခံဂီတသင်္ကေတ သဘောတရားကို သိရှိရွတ်ဆို နိုင်ပြီး၊ ဂီတသင်္ကေတ လေ့ကျင့် ခန်းများကို ထပ်ကာထပ်ကာ လေ့ကျင့်တီးမှုတ်ခြင်းဖြင့် ကဗျာ များ၊ ကျေးလက်တေးများနှင့် အခြားတေးသီချင်းများကို ပလွေဖြင့် သံစဉ်မှန်ကန်စွာ တီးမှုတ်တတ်သည်။<br><br>"သင်္ကြန်မိုး" သီချင်းနှင့် "ဘယ်ပန်းချီရေးလို့မမီ" သီချင်းတို့အား သင်္ကေတကို ကြည့်၍ စည်းချက်ညီညီ မှုတ်တတ်သည်။<br><br>ဂီတအနုပညာ အထွေထွေ ဗဟုသုတ သင်ခန်းစာ အကြောင်းအရာများကို သိရှိ နားလည်သည်။ |

DBE BOX

**(၂) စာသင်နှစ် တစ်နှစ်စာသင်ခန်းစာအစီအစဉ် (Year Plan) နှင့် သင်ခန်းစာအလိုက်အချိန်ခွဲဝေမှု**

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၁ မှ ၅ အထိ | ၅ ချိန် | အခန်း (၁) အဆိုပညာ | "ကလပ်ကြီးကြိုး" (သီတာ) သီချင်း |
| ၆ | ၁ ချိန် | | အရန်စာသင်ချိန် |
| ၇ မှ ၁၀ အထိ | ၄ ချိန် | အခန်း (၂) အကပညာ | မေးထိုးအကနှင့် သုံးပွင့်ဆိုင်အက |
| ၁၁ | ၁ ချိန် | | အရန်စာသင်ချိန် |
| ၁၂ မှ ၁၄ အထိ | ၃ ချိန် | အခန်း (၃) အတီးပညာ | "သကြ်န်မိုး" သီချင်း |
| ၁၅ | စာမေးပွဲအတွက်ကြိုတင်ပြင်ဆင်ခြင်း - ပြန်လှန်သင်ကြားခြင်း | | |
| ၁၆ | ပထမအစမ်းစာမေးပွဲ (First Exam) | | |
| ၁၇ | ၁ ချိန် | အခန်း (၃) အတီးပညာ | အရန်စာသင်ချိန် |
| ၁၈ | ၁ ချိန် | | အထွေထွေဗဟုသုတ (ဝန်ကြီးပဒေသရာဇ) |
| ၁၉ | ၁ ချိန် | | အထွေထွေဗဟုသုတ (ဝါးလတ်စည်း) |
| ၂၀ မှ ၂၃ အထိ | ၄ ချိန် | အခန်း (၁) အဆိုပညာ | "နှလုံးသားကို အလှဆင်ပါ" သီချင်း |
| ၂၄ | ၁ ချိန် | | အရန်စာသင်ချိန် |
| ၂၅ မှ ၂၇ အထိ | ၃ ချိန် | အခန်း (၂) အကပညာ | ကန်တော့ပန်းအကနှင့် ငှက်ပျောဖူးလက်အက |
| ၂၈ | စာမေးပွဲအတွက်ကြိုတင်ပြင်ဆင်ခြင်း - ပြန်လှန်သင်ကြားခြင်း | | |
| ၂၉ | ဒုတိယအစမ်းစာမေးပွဲ (Second Exam) | | |
| ၃၀ | ၁ ချိန် | အခန်း (၂) အကပညာ | ကန်တော့ပန်းအကနှင့် ငှက်ပျောဖူးလက်အက |
| ၃၁ မှ ၃၃ အထိ | ၃ ချိန် | အခန်း (၃) အတီးပညာ | "ဘယ်ပန်းချီရေးလို့မမီ" သီချင်း |
| ၃၄ | ၁ ချိန် | | အထွေထွေဗဟုသုတ (မြန်မာ့ဝါးပတ္တလားတူရိယာ) |

DBE BOX

| | |
|---|---|
| ၃၅ | စာမေးပွဲအတွက်ကြိုတင်ပြင်ဆင်ခြင်း - ပြန်လှန်သင်ကြားခြင်း |
| ၃၆ | နှစ်ဆုံးစာမေးပွဲ (Year End Exam) |

## ၂။ သင်ခန်းစာအစီအစဉ်များ (Lesson Plans)

သင်ခန်းစာအစီအစဉ်များတွင် သင်ယူမှုရလဒ်၊ သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း၊ ဖွံ့ဖြိုးစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ၊ သင်ကြားသင်ယူမှုဖြစ်စဉ် (သင်ခန်းစာမိတ်ဆက်ခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း- I-T-P-R)၊ သင်ယူမှုနှင့် စဉ်းစားတွေးခေါ်ခြင်းကို အားဖြည့်ရန် နောက်ဆက်တွဲလုပ်ငန်းများ၊ စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများ၊ အဓိကအချက်များနှင့် ဆရာအတွက်မှတ်စု ပါဝင်သည်။

သင်ခန်းစာခေါင်းစဉ်တိုင်းတွင် သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဟူသော အဆင့် ၄ ဆင့် ပါရှိမည်။

- I သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း (Introduction)
- T သင်ကြားခြင်း(Teach)/သင်ကြားမှုလုပ်ငန်း/နမူနာပြခြင်းတို့နှင့်ဆက်စပ်သည့်စကားလုံး
- P လေ့ကျင့်ခြင်း (Practice)
- R ပြန်လည်သုံးသပ်ခြင်း (Review) (နောက်ဆက်တွဲလုပ်ငန်းများပါဝင်နိုင်သည်။)


| | | |
|---|---|---|
| I | သင်ခန်းစာမိတ်ဆက်ခြင်း/ နိဒါန်းပျိုးခြင်း (Introduction) | ယခင်သင်ယူပြီး အသိပညာကို စစ်ဆေးခြင်း၊ ဥပမာ - 'အဝင် - အထွက်' (ENTRY - EXIT) နည်းလမ်းကို သုံးခြင်း။<br>အဝင် (မသင်ကြားမီ) - ယခင်က သင်ယူခဲ့သော သီချင်းများနှင့် ကကွက်များအနက် မည်သည်တို့ကို သင်ပြန်လည်မှတ်မိသနည်း။<br>အထွက် (သင်ကြားပြီး) - ကဗျာလွတ်ကကွက်များ မစတင်မီ အသင့်အနေအထားကို မည်သို့ခေါ်သနည်း။ |
| T | သင်ကြားခြင်း (Teach) | ဤအပိုင်းတွင် အများစုသည် ဆရာဗဟိုပြုဖြစ်မည်။ |

DBE Box

| | | |
|---|---|---|
| P | လေ့ကျင့်ခြင်း (Practice) | ဤအပိုင်းတွင် အများစုသည် ကျောင်းသားဗဟိုပြုဖြစ်မည်။ |
| R | ပြန်လည်သုံးသပ်ခြင်း (Review) | ဤအပိုင်းတွင် သင်ခန်းစာအကျဉ်းချုပ်နှင့် ပြန်လည်သုံးသပ်သည့် မေးခွန်းများပါဝင်မည်။ |

သင်ကြားခြင်း - လေ့ကျင့်ခြင်း (T-P) အဆင့်များသည် သင်ခန်းစာတစ်ခုတွင် ထပ်ခါထပ်ခါဖြစ်နိုင်သည်။

ဥပမာ-




## ၃။ ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက် (Glossary of Words)

ကျောင်းသားများက သင်ခန်းစာပါသဘောတရားများကို ပိုမိုနားလည်စေရန်အတွက် လိုအပ်ပါက ကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန်စာအုပ်များတွင် ဝေါဟာရအဓိပ္ပာယ် ရှင်းလင်းချက်များကို ထည့်သွင်းဖော်ပြထားသည်။ ဝေါဟာရ အဓိပ္ပာယ်ရှင်းလင်းချက်များတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့်ဖော်ပြသော အဓိပ္ပာယ်သတ်မှတ်ချက်များနှင့် ပညာရပ်ဆိုင်ရာ အဓိကဝေါဟာရများ ပါဝင်သည်။

DBE BOX

# ဆရာများအတွက်အမှာစာ

ဤအမှာစာတွင် ဆရာလမ်းညွှန်စာအုပ်မိတ်ဆက် (Introduction)၊ သင်ခန်းစာအစီအစဉ်များ (Lesson Plans) နှင့် ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက် (Glossary of Words) ဟူ၍ အဓိကအပိုင်း ၃ ပိုင်းပါရှိသည်။

## ၁။ ဆရာလမ်းညွှန်စာအုပ်မိတ်ဆက်

ဆရာလမ်းညွှန်စာအုပ်မိတ်ဆက်တွင် ဆရာများသိရှိထားသင့်သော အောက်ပါအကြောင်းအရာများ ပါဝင်သည်။

(က) ကျောင်းသားဗဟိုပြုသင်ကြားနည်းပညာကိုခြုံငုံတင်ပြခြင်း

(ခ) ထိရောက်သောသင်ကြားသင်ယူမှုအတွက်အခြေခံစည်းမျဉ်းများ

(ဂ) ဘလွန်းမ်၏သင်ယူမှုအဆင့်ခွဲခြင်း (Bloom’s Taxonomy)

(ဃ) သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင် မေးမြန်းနိုင်သောမေးခွန်းများ

(င) စာသင်ခန်းအဆင့်တတ်မြောက်မှု စစ်ဆေးအကဲဖြတ်ခြင်းကို ခြုံငုံတင်ပြခြင်း

(စ) ၂၁ရာစုကျွမ်းကျင်မှုများ (21stCentury Skills) နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills)

(ဆ) အလယ်တန်းနှင့် အထက်တန်းအဆင့် စာသင်ခန်းများအတွင်း လူမှုရေးရှုထောင့်များကို ခြုံငုံတင်ပြခြင်း

(ဇ) သင်ရိုးမာတိကာ (Syllabus) နှင့် စာသင်နှစ် တစ်နှစ်စာသင်ခန်းစာအစီအစဉ် (Year Plan)

### (က) ကျောင်းသားဗဟိုပြုသင်ကြားနည်းပညာကိုခြုံငုံတင်ပြခြင်း

ကျောင်းသားဗဟိုပြုသင်ကြားသည့် အလယ်တန်းနှင့် အထက်တန်းအဆင့် စာသင်ခန်းများတွင် အောက်ဖော်ပြပါ အဓိကအချက်များကို လေ့လာတွေ့ရှိနိုင်ပါသည်။

- သင်ခန်းစာများသည် စိတ်ဝင်စားဖွယ်ကောင်းပြီး ကျောင်းသားများ၏ လက်တွေ့ဘဝနှင့် ဆီလျော်၍ အဓိပ္ပာယ်ပြည့်ဝမှုရှိသည်။
- ကျောင်းသားများသည် တက်ကြွစွာသင်ယူကြပြီး သင်ကြားပုံစံများတွင် အတန်းဖော်များနှင့် ပူးပေါင်းဆောင်ရွက်ကြသည်။
- ဆရာများသည် ကျောင်းသားများအတွက် လက်တွေ့ဘဝတွင် တွေ့ကြုံနိုင်သည့် အခက်အခဲ

DBE BOX

ပြဿနာများ ဖြေရှင်းရသည့်အခြေအနေများနှင့် စိန်ခေါ်မှုများကို စီစဉ်ဖန်တီးပေးသည်။

- ကျောင်းသားများသည် ပြဿနာဖြေရှင်းခြင်း (problem solving) နှင့် အဆင့်အတန်းမြင့်မားစွာ ဆန်းစစ်တွေးခေါ်ခြင်း (higher level critical thinking) ဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်လာသည်။
- ဆရာက ကျောင်းသားများအား ရှင်းပြသည်။ မေးခွန်းများမေးသည်။ နားထောင်သည်။ ကျောင်းသားများကလည်း အချင်းချင်း ဆွေးနွေးကြသည်။ မေးခွန်းများ မေးကြသည်။ နားထောင်ကြသည်။

## (ခ) ထိရောက်သောသင်ကြားသင်ယူမှုအတွက်အခြေခံစည်းမျဉ်းများ

ထိရောက်သော သင်ကြားသင်ယူမှုတွင် ဆရာနှင့်ကျောင်းသားများ အတူတကွအောက်ပါတို့ကို ဆောင်ရွက်ကြသည်။

- ကျောင်းသားများအတွက် ဆရာက သင်ယူမှုကို ရှင်းလင်းအောင်ဆောင်ရွက်ပေးသည်။
- ဆရာနှင့် ကျောင်းသားများသည် သင်ကြားသင်ယူမှုဆိုင်ရာချဉ်းကပ်နည်းမျိုးစုံ အသုံးပြုကြသည်။
- ဆရာနှင့် ကျောင်းသားများတွင် တိကျရှင်းလင်းသော သင်ကြားသင်ယူရရှိမှုနှင့် တုံ့ပြန်အကြံပြုချက်များ (feedback) ပုံမှန်ရှိနေကြသည်။


## သင်ယူမှုရလဒ်များ (Learning Outcomes)

သင်ယူမှုအချိန်ကာလတစ်ခုအဆုံးတွင် ကျောင်းသားများအား မည်သည့်အသိဉာဏ်ပညာ၊ ဗဟုသုတ၊ စိတ်နေသဘောထားနှင့် တန်ဖိုးထားမှုများ သိရှိသွားစေရန်၊ နားလည်သွားစေရန်၊ လက်တွေ့လုပ်ဆောင်နိုင်စေရန် မျှော်မှန်းထားသည်များကို ရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ဖော်ပြချက်များပါရှိသည်။ (သင်ခန်းစာ အစီအစဉ်များ (lesson plans) ကို ကြည့်ပါ။)

## (ဂ) ဘလွန်းမ်၏သင်ယူမှုအဆင့်ခွဲခြင်း (Bloom's Taxonomy)

အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားများတွင် အဆင့်မြင့်စဉ်းစားတွေးခေါ်မှုစွမ်းရည်များ (higher order thinking skills) ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်ခန်းစာအစီအစဉ်များ (lesson plans) နှင့် သင်ယူမှုလုပ်ငန်းများ (activities) တွင် ဘလွန်းမ်၏ သင်ယူမှုအဆင့်များကို ထည့်သွင်း အသုံးပြုထားသည်။ သင်ခန်းစာအစီအစဉ်များတွင် ယင်းအဆင့်များကိုဖော်ပြသည့် အဓိက စကားလုံးများဖြစ်သည့် မှတ်မိသည်၊ နားလည်သည်၊ အသုံးချသည်၊ စိစစ်ပိုင်းခြားသည်၊ အကဲဖြတ်

သည်၊ တီထွင်ဖန်တီးသည် အစရှိသည်တို့ကို ရှာဖွေကြည့်ပါ။




**ဘလွန်းမ်၏ သင်ယူမှုအဆင့်များပြပုံ**

## (ဃ) သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင်မေးမြန်းနိုင်သောမေးခွန်းများ

ဆရာသည် သင်ခန်းစာ၏ အစ၊ အလယ်၊ အဆုံးအဆင့်များတွင် အောက်ဖော်ပြပါမေးခွန်းများကို မေးမြန်း ဆန်းစစ်သင့်ပါသည်။

**သင်ခန်းစာအစတွင်**

ယခုသင်မည့် သင်ခန်းစာပြီးဆုံးသွားလျှင် ကျောင်းသားများသည် မည်သည့်ကျွမ်းကျင်မှုများနှင့် အသိဉာဏ်ပညာများကို သင်ယူရရှိသွားမည်နည်း။

- စီစဉ်ထားသော သင်ယူမှုလုပ်ငန်းများကို လုပ်ဆောင်ရန် ကျောင်းသားများကို မည်သို့စုစည်းမည်နည်း။
- ဆရာအတွက် မည်သည့် သတင်းအချက်အလက်များ လိုအပ်သနည်း။ ကျောင်းသားများအတွက် မည်သည့် သတင်းအချက်အလက်များ လိုအပ်သနည်း။
- ဆရာအတွက် မည်သည့်ကိရိယာ၊ သင်ထောက်ကူပစ္စည်းများ လိုအပ်သနည်း။ ကျောင်းသားများအတွက် မည်သည့်ကိရိယာ၊ သင်ထောက်ကူပစ္စည်းများ လိုအပ်သနည်း။
- သင်ထောက်ကူပစ္စည်းများကို မည်သို့ရရှိစုစည်းပြီး အသုံးပြုမည်နည်း။

DBE BOX

- မည်သည့် ရလဒ်ရလိမ့်မည်ဟု ထင်သနည်း။

**သင်ခန်းစာအလယ်တွင်**

- သင်ခန်းစာ သင်ယူမှုလုပ်ငန်းသည် မျှော်မှန်းထားသကဲ့သို့ဖြစ်နေမှု ရှိ မရှိ။
- ကျောင်းသားများ သင်ခန်းစာကို နားလည်စေရေးအတွက် အထောက်အကူပြုနိုင်ရန် ဆရာ့အနေဖြင့် လိုအပ်သော အခြားသတင်းအချက်အလက်များ လိုအပ်မှု ရှိ မရှိ။

**သင်ခန်းစာအဆုံးတွင်**

- မျှော်မှန်းထားသည့်အတိုင်း ဆရာ၏ သင်ကြားမှုလုပ်ငန်း ပြီးမြောက်ခဲ့ခြင်း ရှိ မရှိ။
- သင်ခန်းစာသည် ကျောင်းသားများကို စဉ်းစားတွေးခေါ်ဖြစ်စေသည့် အခြားမေးခွန်းများ ထွက်ပေါ်စေခဲ့ခြင်း ရှိ မရှိ။
- အခြားသင်နည်းတစ်မျိုးနှင့် ဆောင်ရွက်နိုင်ခဲ့ခြင်း ရှိ မရှိ။
- ဆရာ သို့မဟုတ် ကျောင်းသားများသည် ဤသင်ခန်းစာမှ မည်သည်တို့ကို သင်ယူနိုင်ခဲ့ကြသနည်း။
- ဆရာ၏ သင်ကြားမှုသည် ကျောင်းသားတစ်ဦးချင်းစီ၏ သင်ခန်းစာပါ သဘောတရားများ နားလည်မှုကို အကဲဖြတ်ရန် အထောက်အကူဖြစ်ခဲ့ခြင်း ရှိ မရှိ။
- ဤသင်ခန်းစာကိုလည်းကောင်း၊ နောင်သင်ကြားမည့် သင်ခန်းစာကိုလည်းကောင်း ပိုမိုကောင်းမွန်စေရန် မည်သည်တို့ကို ထည့်သွင်းသင်ကြားရန် လိုအပ်မည်နည်း။

## (င) စာသင်ခန်းအဆင့်တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းကိုခြုံငုံတင်ပြခြင်း

သင်ယူမှုအတွက် စစ်ဆေးအကဲဖြတ်မှုအားလုံး၏ ၉၀% ကို သင်ကြားနေစဉ်အတွင်း ဆောင်ရွက်ခြင်းဖြစ်သည်။ ကျောင်းသားများနှင့် ဆရာတို့အား အကြံပြုချက်များ (feedback) ချက်ချင်းပေးရန်အတွက် စာသင်ခန်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်းကို အသုံးပြုသည်။ ဤစစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအား ရှေ့ဆက်၍ အောင်မြင်စွာ သင်ယူလိုပါက နောင်တွင် မည်သို့သင်ယူရန်လိုအပ်သည်ကို ခွဲခြားသိရှိနိုင်စေရန် ကူညီပေးသည်။ ဆရာများသည် ထိရောက်သော သင်ကြားရေးနည်းဗျူဟာများနှင့် ထိရောက်မှုနည်းသော သင်ကြားရေးနည်းဗျူဟာများကို ခွဲခြားသတ်မှတ်ရန် သင်ကြားနေစဉ်အတွင်း လေ့လာကြည့်ရှုခြင်းများ ပြုလုပ်နိုင်သည်။

**(၁) စာသင်ခန်းအဆင့် တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းတွင် အောက်ပါနည်းလမ်းများ ပါဝင်ပါသည်။**

DBE Box

- **ကျောင်းသားဗဟိုပြုမှု** – ဆရာနှင့် ကျောင်းသားများသည် ဆရာက သင်ကြားခြင်းထက် ကျောင်းသားများကိုယ်တိုင် စူးစမ်းလေ့လာခြင်းနှင့် သင်ယူမှုပိုမိုတိုးတက်ရေးကို အလေးထား ကြသည်။ ကျောင်းသားများသည် ဆရာက မည်သည်ကို လုပ်ဆောင်ရန်ပြော၍ မဟုတ်ဘဲ မည်သည်ကို သင်ယူရန် နားလည်ကြသည်။
- **ဆရာ၏စီစဉ်ဆုံးဖြတ်မှု** – ဆရာအသီးသီးသည် မည်သည်ကို မည်သို့ စစ်ဆေးအကဲဖြတ် ရမည်နှင့် စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသည့်အချက်အလက်များကို မည်သို့ အသုံးပြု ဆောင်ရွက်မည်ဆိုသည်ကို ဆုံးဖြတ်သည်။
- **ကျောင်းသားများ၏တက်ကြွသောပါဝင်ဆောင်ရွက်မှု** – ကျောင်းသားများသည် စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ်ပါဝင်သောကြောင့် မိမိတို့ မည်သည့်အရာ ကို သင်ယူသင့်သည်ကို ပိုမို နားလည်ကြသည်။ ထို့အပြင် မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း (self-assessment) တွင်လည်း ပိုမို ကျွမ်းကျင်လာသည်။ ကျောင်းသားများသည် ဆရာက ယင်းတို့ကို သင်ယူသူအဖြစ် စိတ်ဝင်စားမှုရှိကြောင်း နားလည်သဘောပေါက်လာသောအခါ သင်ယူလိုစိတ် မြင့်မားလာသည်။
- **သင်ကြားသင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်း** (Formative Assessment) – သင်ကြား သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသား၏ သင်ယူမှုတိုးတက်မှုအခြေအနေ အကြောင်းကို ဆရာ သိရှိစေသော အထောက်အထားများ ဖြစ်သည်။ သင်ကြားသင်ယူစဉ် စစ်ဆေးအကဲဖြတ်မှသာ ဆရာက ကျောင်းသားများ၏ သင်ယူမှုတိုးတက်စေရန် ကူညီပေး နိုင်မည် ဖြစ်သည်။ ဆရာက ကျောင်းသားများ၏ သင်ယူမှုဆိုင်ရာ အထောက်အထားကို အကောင်းဆုံး မည်သို့ မှတ်သားမည်ကို ဆုံးဖြတ်ရန် လိုအပ်သည်။ သို့မှသာ ရရှိသည့် အထောက်အထားအပေါ် မူတည်၍ ဆရာက ကျောင်းသား၏ သင်ယူမှုတိုးတက်စေရန် မိမိ၏ သင်ကြားမှုကို ထိန်းညှိနိုင်သည်။ ဆရာများ၏ သင်ကြားသင်ယူစဉ် စစ်ဆေးအကဲဖြတ်မှု စွမ်းရည်နှင့် နည်းလမ်းများ ပိုမို ကောင်းမွန်စေရေးအတွက် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု များ (Soft Skills: C - ၅ လုံး) ဖွံ့ဖြိုးရေးကို စတင် ဆောင်ရွက်ရန်အရေးကြီးသည်။ ဆရာတိုင်းတွင် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများရှိလျှင် သင်ခန်းစာတိုင်းတွင် ကျောင်းသား များ၏ သင်ယူမှုကို အားပေးမြှင့်တင်နိုင်မည် ဖြစ်သည်။

**(၂) စာသင်ခန်းအဆင့်သင်ကြားစဉ်စစ်ဆေးအကဲဖြတ်ခြင်းအတွက်နည်းဗျူဟာများ**

- **လေ့လာကြည့်ရှုခြင်း** (Observation) – လက်တွေ့လုပ်ငန်းများနှင့် သရုပ်ပြလှုပ်ရှား ဆောင်ရွက်မှုများအတွက် ပြင်ဆင်နေကြပုံများအပါအဝင် အုပ်စုလိုက်ဆောင်ရွက်ကြပုံများကို

ဆရာက တိုက်ရိုက်လေ့လာကြည့်ရှုခြင်းနှင့် တွေ့ရှိချက်များကို မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ကိုယ်ရည် ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills: C - ၅ လုံး) ကိုလည်း လေ့လာကြည့်ရှုပါ။

- **မေးခွန်းများမေးခြင်း** (Questioning) – ဆရာသည် ကျောင်းသားများ၏ သိနားလည်မှု (ဘလွန်းမ်၏ သင်ယူမှုအဆင့်ခွဲခြင်း) ကို ဆုံးဖြတ်ရန် မေးခွန်းများမေး၍ ရရှိသောရလဒ်အရ ယင်း၏သင်ကြားမှုကို ချိန်ဆသည်။ ဤသို့ဆောင်ရွက်ခြင်းသည် သင်ခန်းစာများ သို့မဟုတ် သင်ခန်းစာတစ်ခု၏ နောက်ဆုံးအဆင့်ဖြစ်သော ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်းတွင်သာမက စာသင်ကြားစဉ် အချိန်မရွေး ဖြစ်ပေါ်နိုင်သည်။
- **ကျောင်းသားများ၏သင်ယူမှုဂျာနယ်** (Student Learning Journal) – ဆရာသည် စဉ်းစားဖြေဆိုရသည့် မေးခွန်းများ (open-ended questions) (ဥပမာ - မည်သည်ကို သင်ယူခဲ့ပြီးဖြစ်သည်။ မည်သည်ကို သင်ယူရန်လိုအပ်နေသေးသည်။) ကိုပေး၍ ကျောင်းသားများအား လေ့ကျင့်ခန်းစာအုပ်တွင် အဖြေများ ရေးသားစေခြင်းဖြစ်သည်။ ဤကဲ့သို့ သင်ယူမှုဂျာနယ် ရေးခြင်းကို သင်ခန်းစာပြီးဆုံးသောအခါ ပြန်လည်သုံးသပ်ခြင်းအဖြစ် သုံးနိုင်သည်။ ထို့အပြင် နောက်သင်ခန်းစာအစတွင်လည်း ကျောင်းသားများအား သူတို့သိပြီးသော ယနေ့သင်ခန်းစာ၏ ရည်ရွယ်ချက်ကို ပြန်ချရေးခိုင်းခြင်းဖြင့် အထက်ပါနည်းလမ်းကို အသုံးပြုကာ ကျောင်းသားများ ရရှိထားသော ဗဟုသုတအခြေအနေကို စစ်ဆေးနိုင်သည်။ ဆရာသည် ကျောင်းသားများ၏ သင်ယူမှုဂျာနယ်များကို နမူနာ (ဥပမာ - ၁၀ အုပ်) ကောက်ယူကြည့်၍ တစ်တန်းလုံး၏ လုပ်ဆောင်တတ်မြောက်မှုအခြေအနေ သို့မဟုတ် ယခင်ရှိပြီးသား ဗဟုသုတကို ခြုံငုံအကဲဖြတ်ခြင်းနှင့် တွေ့ရှိချက်အပေါ် မူတည်၍ သင်ကြားမှု ထိန်းညှိခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

## (စ) ၂၁ရာစုကျွမ်းကျင်မှုများ (21st Century Skills) နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills)

လူငယ်များသည် ရှုပ်ထွေးသော ကမ္ဘာလောကကြီးတွင် လျှောက်လှမ်းရမည့်ဘဝခရီးနှင့် အလုပ်ခွင်အတွက် ၂၁ ရာစုကျွမ်းကျင်မှုများနှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ လိုအပ်ပါသည်။ ယ-၅လုံး (5 C's) သို့မဟုတ် သင်ယူမှုအတွက် အရေးကြီးသောကျွမ်းကျင်မှုများမှာ -

- **ပူးပေါင်းဆောင်ရွက်ခြင်း** (Collaboration) **/ အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်ခြင်း** (Group Work) – ကျောင်းသားများအား အုပ်စုဖြင့် လုပ်ငန်းဆောင်ရွက်တတ်ရန်၊ အတွေးအခေါ်များ မျှဝေရန်နှင့် ပြဿနာအခက်အခဲများကို ပူးပေါင်းအဖြေရှာတတ်ရန် အားပေးသည်။
- **ဆက်သွယ်ပြောဆိုခြင်း** (Communication) – နှုတ်အားဖြင့်၊ ကိုယ်ဟန်အမူအရာအားဖြင့်

DBE BOX

ဆက်သွယ်ခြင်း၊ စာဖတ်ခြင်း၊ စာရေးခြင်း၊ စကားပြောခြင်း၊ နားထောင်ခြင်းတို့ဖြစ်သည်။

- **လေးနက်စွာဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း** (Critical Thinking and Problem Solving) – ကျောင်းသားများအား ပြဿနာများ၏အဖြေများကို ရှာဖွေခြင်းနှင့် အမှားပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခွင့်ပေးသည်။
- **တီထွင်ဖန်တီးခြင်း** (Creativity and Innovation) – အတွေးအခေါ် အယူအဆသစ်များ ရှာဖွေခြင်းနှင့် ပြဿနာများကိုဖြေရှင်းခြင်းတို့ပြုလုပ်ရန် သတ်မှတ်ထားသည့် စည်းဘောင် အတွင်းမှ အပြင်သို့ထွက်၍ တွေးခေါ်စေခြင်း ဖြစ်သည်။
- **နိုင်ငံသားကောင်းဖြစ်ခြင်း** (Citizenship) – ကျောင်းတွင်း လူမှုအဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်ခြင်း၊ တရားမျှတခြင်းနှင့် ပဋိပက္ခဖြေရှင်းခြင်းတို့ဖြစ်သည်။

## (ဆ) အလယ်တန်းနှင့်အထက်တန်းအဆင့်စာသင်ခန်းများအတွင်း လူမှုရေးရှုထောင့်များကို ခြုံငုံတင်ပြခြင်း (ကျား–မ၊ လူမျိုးစု၊ လူမှုရေးအဆင့်အတန်းနှင့် မသန်စွမ်းမှု)

အမျိုးသားပညာရေးဥပဒေ (၂၀၁၄) တွင် သင်ရိုးညွှန်းတမ်းသည် မတူကွဲပြားခြားနားခြင်း (diversity) ကို နားလည်လက်ခံသော၊ တန်းတူညီမျှမှု (equality) ကို အလေးထားသော၊ ဒီမိုကရေစီ အလေ့အကျင့်နှင့် လူ့အခွင့်အရေး (human rights) ဆိုင်ရာစံနှုန်းများကို တန်ဖိုးထားသော၊ တိုင်းရင်း သားမျိုးနွယ်စုအသီးသီး၏ ကြွယ်ဝသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံနှင့် သမိုင်း အမွေအနှစ်တို့ကို မြှင့်တင်နိုင်စွမ်းရှိသော နိုင်ငံသားကောင်းများကို မွေးထုတ်ပေးနိုင်သည့် သင်ရိုး ညွှန်းတမ်းဖြစ်သည့်အပြင် နိုင်ငံတကာပညာရေး သင်ရိုးညွှန်းတမ်းများနှင့်လည်း လိုက်လျောညီထွေ ရှိရမည်ဟု ဖော်ပြထားသည်။

အခြေခံစည်းမျဉ်းအနေဖြင့် အခြေခံပညာအဆင့် စာသင်ခန်းများသည် ကျား - မ၊ လူမျိုးစု၊ လူမှုရေး အဆင့်အတန်းနှင့် မသန်စွမ်းမှုတို့ကို မခွဲခြားဘဲ ကျောင်းသားအားလုံး အကျုံးဝင် (inclusive) စေရန် ဖြစ်သည်။ အားလုံးအကျုံးဝင်ပြီး သာတူညီမျှမှု (equity) ရှိသော ကျောင်းပတ်ဝန်းကျင်သည် ကျောင်းသား၊ ကျောင်းသူတစ်ဦးစီ၏ ကိုယ်ပိုင်လက္ခဏာနှင့် တန်ဖိုးထားမှုကို လေးစားပြီး တစ်ဦးနှင့် တစ်ဦး မတူညီသောကွဲပြားခြားနားမှုကို နားလည်အသိအမှတ်ပြုကာ ကျောင်းသားအားလုံး ပညာ သင်ကြားခွင့်ရစေမည် ဖြစ်သည်။

ဆရာသည် နိုင်ငံသားကောင်းဖြစ်စေရန် စေ့ဆော်ပေးသည့် လိုလားဖွယ်ရာ အပြုသဘော ဆောင်သည့် သဘောထားများနှင့် တန်ဖိုးထားမှုများပါသည့် မိမိ၏လုပ်ရှားဆောင်ရွက်မှုများကို နမူနာ ကောင်းများအဖြစ် ကျောင်းသားများအား ပြသရန်လိုအပ်ပါသည်။ ယင်းအပြုသဘောဆောင်သည့်

သဘောထားများနှင့် တန်ဖိုးထားမှုများကပင် ကျောင်းသားများတွင် နိုင်ငံသားကောင်းစိတ်ဓာတ်များ ပေါက်ဖွားလာစေမည်ဖြစ်သည်။

ထို့အပြင် ဆရာသည် မိမိ၏စာသင်ခန်းအတွင်း လူမှုရေးဘက်လိုက်မှုများကို သတိပြု ရှောင်ကြဉ်ရမည်။ ယင်းတို့မှာ တရားသေစွဲမှတ်ထားသော အခန်းကဏ္ဍများ (stereotyped roles)၊ မတူညီသော ယဉ်ကျေးမှု၊ မတူညီသော လူမျိုးစု နိုင်ငံသားများအကြား ခွဲခြားဆက်ဆံမှုများ၊ လူမှုရေး အဆင့်အတန်းအရ ဘက်လိုက်မှုများ၊ ရိုးရာဓလေ့ထုံးစံများနှင့် တန်ဖိုးထားမှုများကို လျစ်လျူရှုခြင်းတို့ ဖြစ်သည်။

ဆရာသည် မိမိ၏ စာသင်ခန်း၊ သင်ခန်းစာများ၊ ကျောင်းပတ်ဝန်းကျင်တို့တွင် သာတူညီမျှမှုနှင့် အားလုံး အကျုံးဝင်မှုကို အားကောင်းစေသည့် အခြားဥပမာများ၊ အခွင့်အလမ်းများကို ရှာဖွေပါ။ ကျောင်းသား၊ ကျောင်းသူအားလုံးကို တန်ဖိုးထားလေးစားရေးအတွက် ကျောင်းရှိ အခြားဆရာများနှင့်လည်း မိမိ၏စိတ်ကူးများကို မျှဝေ ဆွေးနွေးနိုင်သည်။

## (ဇ) သင်ရိုးမာတိကာ (Syllabus) နှင့် စာသင်နှစ်တစ်နှစ်စာ သင်ခန်းစာအစီအစဉ် (Year Plan)

သတ္တမတန်း၊ ဂီတအနုပညာဘာသာရပ်သင်ရိုးမာတိကာ၊ စာသင်နှစ်တစ်နှစ်စာ သင်ခန်းစာ အစီအစဉ် (Year Plan) နှင့် သင်ခန်းစာခေါင်းစဉ်အလိုက် အချိန်ခွဲဝေမှုတို့ကို ဇယားများဖြင့် ဖော်ပြထားသည်။

### (၁) သတ္တမတန်း (Grade-7) ဂီတအနုပညာဘာသာရပ် သင်ရိုးမာတိကာ (Syllabus)

| နယ်ပယ် (Strand) | သင်ယူမှုရည်ရွယ်ချက်များ (Learning Objectives) | သင်ယူမှုရလဒ်များ (Learning Outcomes) | တတ်မြောက်မှု အညွှန်းကိန်းများ (Achievement Indicators) |
|---|---|---|---|
| အဆို | မဟာဂီတသီချင်းနှင့် မြန်မာသံစဉ် ကာလပေါ် သီချင်းတို့ကို မြတ်နိုး တန်ဖိုးထားတတ်ရန် | မဟာဂီတသီချင်းနှင့် မြန်မာ သံစဉ် ကာလပေါ် သီချင်းတို့ကို စိတ်ဝင်စားလာကာ မြတ်နိုး တန်ဖိုးထားတတ်လာမည်။ | |
| | မြန်မာ့ဂီတအခြေခံစည်းဝါးကို ကိုင်တွယ် တီးခတ်တတ်ရန် | မြန်မာ့ဂီတအခြေခံစည်းဝါးကို ကိုင်တွယ် တီးခတ်တတ်မည်။ | မြန်မာ့ဂီတအခြေခံစည်းဝါးကို ကိုင်တွယ်တီးခတ်တတ်သည်။ |

DBEBox

| | | | |
|---|---|---|---|
| | “ကလပ်ကြီးကြိုး” (သီတာ) သီချင်း၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး သံစဉ်စည်းဝါး မှန်ကန်စွာ ခံစားသီဆိုတတ်ရန်<br><br>“နှလုံးသားကို အလှဆင်ပါ” သီချင်း၏ အဓိပ္ပာယ်ကို သိရှိ နားလည်ပြီး သံစဉ်စည်းဝါး မှန်ကန်စွာ ခံစားသီဆိုတတ်ရန်<br><br>ဂီတသင်္ကေတကို ကြည့်၍ မှန်ကန်စွာ ရွတ်ဆိုတတ်ရန် | “ကလပ်ကြီးကြိုး” (သီတာ) သီချင်း၏ အဓိပ္ပာယ်ကို သိရှိ နားလည်ပြီး သံစဉ်စည်းဝါး မှန်ကန်စွာဖြင့် ခံစားသီဆို တတ်မည်။<br><br>“နှလုံးသားကို အလှဆင်ပါ” သီချင်း၏ အဓိပ္ပာယ်ကို သိရှိ နားလည်ပြီး သံစဉ်စည်းဝါး မှန်ကန်စွာ ခံစားသီဆို တတ်မည်။ ကိုယ်တိုင်လက်တွေ့ ဆောင်ရွက်တတ်လာမည်။<br><br>ဂီတသင်္ကေတကို ကြည့်၍ မှန်ကန်စွာ ရွတ်ဆိုတတ်မည်။ | မဟာဂီတသီချင်းဖြစ်သော “ကလပ်ကြီးကြိုး” (သီတာ) သီချင်းနှင့် မြန်မာသံစဉ် ကာလပေါ်သီချင်းဖြစ်သော “နှလုံးသားကို အလှဆင်ပါ” သီချင်းတို့၏ အဓိပ္ပာယ်ကို ရှင်းပြနိုင်ပြီး ခံစားချက်ကို ဆွေးနွေးတတ်သည်။ သီချင်းများကို သံစဉ်စည်းဝါး မှန်ကန်စွာ ခံစားသီဆိုနိုင် သည်။<br><br>ဂီတသင်္ကေတကို ကြည့်၍ မှန်ကန်စွာ ရွတ်ဆိုတတ်သည်။ |
| အက | အခြေခံကဗျာလွတ် ကကွက်များကို လက်တွေ့ လေ့ကျင့်ပြီး နားလည်တန်ဖိုးထား တတ်ရန်<br><br>မေးထိုးအက၊ သုံးပွင့်ဆိုင်အက၊ ကန်တော့ပန်းအကနှင့် ငှက်ပျောဖူးလက်အကတို့၏ ခေါင်း၊ ခါး၊ ခြေ၊ လက်၊ မျက်နှာလှုပ်ရှားမှုများကို ရှင်းပြနိုင်ပြီး စည်းဝါးမှန်ကန်စွာ စနစ်တကျ ကပြတတ်ရန် | အခြေခံကဗျာလွတ် ကကွက် များကို လက်တွေ့လေ့ကျင့်ပြီး မြတ်နိုးတန်ဖိုးထားတတ်လာ မည်။<br><br>မေးထိုးအက၊ သုံးပွင့်ဆိုင်အက၊ ကန်တော့ပန်းအကနှင့် ငှက်ပျောဖူးလက်အကတို့၏ ခေါင်း၊ ခါး၊ ခြေ၊ လက်၊ မျက်နှာလှုပ်ရှားမှုများကို ရှင်းပြ နိုင်ပြီး စည်းဝါးမှန်ကန်စွာ စနစ်တကျ ကပြတတ်မည်။ | မေးထိုးအက၊ သုံးပွင့်ဆိုင်အက၊ ကန်တော့ပန်းအကနှင့် ငှက်ပျောဖူးလက်အကတို့၏ ကိုယ်ဟန်အနေအထားကို ရှင်းပြတတ်ပြီး စည်းဝါးနှင့်အညီ စနစ်တကျ ကပြတတ်သည်။ |

DBE BOX

| | | | |
|---|---|---|---|
| | အခြေခံကဗျာလွတ်အကများမှ တစ်ဆင့် ယိမ်းအက၊ တိုင်းရင်းသား ရိုးရာအကများနှင့် တွဲဖက် ကပြတတ်ရန် | မြန်မာ့ရိုးရာအကများ၊ ယိမ်းအကနှင့် တိုင်းရင်းသား ရိုးရာအကများကို အချိုးအစား ကျနစွာ စည်းဝါးနှင့်အညီ ကပြတတ်မည်။ | မြန်မာ့ရိုးရာအကများ၊ ယိမ်းအကနှင့် တိုင်းရင်းသား ရိုးရာအကများကို အချိုးအစား ကျနစွာ စည်းဝါးနှင့်အညီ ကပြတတ်သည်။ |
| အတီး | အခြေခံဂီတသင်္ကေတ သဘောတရားကို သိရှိရွတ်ဆို နိုင်ပြီး၊ ဂီတသင်္ကေတ လေ့ကျင့် ခန်းများကို ထပ်ကာထပ်ကာ လေ့ကျင့်တီးမှုတ်ခြင်းဖြင့် ကဗျာ များ၊ ကျေးလက်တေးများနှင့် အခြားတေးသီချင်းများကို ပလွေ ဖြင့် သံစဉ်မှန်ကန်စွာ တီးမှုတ် တတ်ရန်<br><br>"သကြၤန်မိုး" သီချင်းနှင့် "ဘယ်ပန်းချီရေးလို့မမီ" သီချင်းတို့ကို ပလွေဖြင့် စည်းချက်ညီညီ မှုတ်တတ်ရန်<br><br>ဂီတအနုပညာ အထွေထွေ ဗဟုသုတ သင်ခန်းစာ အကြောင်းအရာများကို သိရှိ နားလည်ရန် | အခြေခံဂီတသင်္ကေတ သဘောတရားကို သိရှိရွတ်ဆို နိုင်ပြီး၊ ဂီတသင်္ကေတ လေ့ကျင့် ခန်းများကို ထပ်ကာထပ်ကာ လေ့ကျင့်တီးမှုတ်ခြင်းဖြင့် ကဗျာ များ၊ ကျေးလက်တေးများနှင့် အခြားတေးသီချင်းများကို ပလွေဖြင့် သံစဉ်မှန်ကန်စွာ တီးမှုတ်တတ်မည်။<br><br>"သကြၤန်မိုး" သီချင်းနှင့် "ဘယ်ပန်းချီရေးလို့မမီ" သီချင်းတို့ကို ပလွေဖြင့် စည်းချက်ညီညီ မှုတ်တတ်မည်။<br><br>ဂီတအနုပညာ အထွေထွေ ဗဟုသုတ သင်ခန်းစာ အကြောင်းအရာများကို သိရှိ နားလည်မည်။ | အခြေခံဂီတသင်္ကေတ သဘောတရားကို သိရှိရွတ်ဆို နိုင်ပြီး၊ ဂီတသင်္ကေတ လေ့ကျင့် ခန်းများကို ထပ်ကာထပ်ကာ လေ့ကျင့်တီးမှုတ်ခြင်းဖြင့် ကဗျာ များ၊ ကျေးလက်တေးများနှင့် အခြားတေးသီချင်းများကို ပလွေဖြင့် သံစဉ်မှန်ကန်စွာ တီးမှုတ်တတ်သည်။<br><br>"သကြၤန်မိုး" သီချင်းနှင့် "ဘယ်ပန်းချီရေးလို့မမီ" သီချင်းတို့အား သင်္ကေတကို ကြည့်၍ စည်းချက်ညီညီ မှုတ်တတ်သည်။<br><br>ဂီတအနုပညာ အထွေထွေ ဗဟုသုတ သင်ခန်းစာ အကြောင်းအရာများကို သိရှိ နားလည်သည်။ |

DBE BOX

**(၂) စာသင်နှစ် တစ်နှစ်စာသင်ခန်းစာအစီအစဉ် (Year Plan) နှင့် သင်ခန်းစာအလိုက်အချိန်ခွဲဝေမှု**

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၁ မှ ၅ အထိ | ၅ ချိန် | အခန်း (၁) အဆိုပညာ | "ကလပ်ကြီးကြိုး" (သီတာ) သီချင်း |
| ၆ | ၁ ချိန် | | အရန်စာသင်ချိန် |
| ၇ မှ ၁၀ အထိ | ၄ ချိန် | အခန်း (၂) အကပညာ | မေးထိုးအကနှင့် သုံးပွင့်ဆိုင်အက |
| ၁၁ | ၁ ချိန် | | အရန်စာသင်ချိန် |
| ၁၂ မှ ၁၄ အထိ | ၃ ချိန် | အခန်း (၃) အတီးပညာ | "သကြ်န်မိုး" သီချင်း |
| ၁၅ | စာမေးပွဲအတွက်ကြိုတင်ပြင်ဆင်ခြင်း - ပြန်လှန်သင်ကြားခြင်း | | |
| ၁၆ | ပထမအစမ်းစာမေးပွဲ (First Exam) | | |
| ၁၇ | ၁ ချိန် | အခန်း (၃) အတီးပညာ | အရန်စာသင်ချိန် |
| ၁၈ | ၁ ချိန် | | အထွေထွေဗဟုသုတ (ဝန်ကြီးပဒေသရာဇာ) |
| ၁၉ | ၁ ချိန် | | အထွေထွေဗဟုသုတ (ဝါးလတ်စည်း) |
| ၂၀ မှ ၂၃ အထိ | ၄ ချိန် | အခန်း (၁) အဆိုပညာ | "နှလုံးသားကို အလှဆင်ပါ" သီချင်း |
| ၂၄ | ၁ ချိန် | | အရန်စာသင်ချိန် |
| ၂၅ မှ ၂၇ အထိ | ၃ ချိန် | အခန်း (၂) အကပညာ | ကန်တော့ပန်းအကနှင့် ငှက်ပျောဖူးလက်အက |
| ၂၈ | စာမေးပွဲအတွက်ကြိုတင်ပြင်ဆင်ခြင်း - ပြန်လှန်သင်ကြားခြင်း | | |
| ၂၉ | ဒုတိယအစမ်းစာမေးပွဲ (Second Exam) | | |
| ၃၀ | ၁ ချိန် | အခန်း (၂) အကပညာ | ကန်တော့ပန်းအကနှင့် ငှက်ပျောဖူးလက်အက |
| ၃၁ မှ ၃၃ အထိ | ၃ ချိန် | အခန်း (၃) အတီးပညာ | "ဘယ်ပန်းချီရေးလို့မမီ" သီချင်း |
| ၃၄ | ၁ ချိန် | | အထွေထွေဗဟုသုတ (မြန်မာ့ဝါးပတ္တလားတူရိယာ) |

DBE BOX

| | |
|---|---|
| ၃၅ | စာမေးပွဲအတွက်ကြိုတင်ပြင်ဆင်ခြင်း - ပြန်လှန်သင်ကြားခြင်း |
| ၃၆ | နှစ်ဆုံးစာမေးပွဲ (Year End Exam) |

## ၂။ သင်ခန်းစာအစီအစဉ်များ (Lesson Plans)

သင်ခန်းစာအစီအစဉ်များတွင် သင်ယူမှုရလဒ်၊ သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း၊ ဖွံ့ဖြိုးစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ၊ သင်ကြားသင်ယူမှုဖြစ်စဉ် (သင်ခန်းစာမိတ်ဆက်ခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း- I-T-P-R)၊ သင်ယူမှုနှင့် စဉ်းစားတွေးခေါ်ခြင်းကို အားဖြည့်ရန် နောက်ဆက်တွဲလုပ်ငန်းများ၊ စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများ၊ အဓိကအချက်များနှင့် ဆရာအတွက်မှတ်စု ပါဝင်သည်။

သင်ခန်းစာခေါင်းစဉ်တိုင်းတွင် သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဟူသော အဆင့် ၄ ဆင့် ပါရှိမည်။

- I သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း (Introduction)
- T သင်ကြားခြင်း(Teach)/သင်ကြားမှုလုပ်ငန်း/နမူနာပြခြင်းတို့နှင့်ဆက်စပ်သည့်စကားလုံး
- P လေ့ကျင့်ခြင်း (Practice)
- R ပြန်လည်သုံးသပ်ခြင်း (Review) (နောက်ဆက်တွဲလုပ်ငန်းများပါဝင်နိုင်သည်။)

| | | |
|---|---|---|
| I | သင်ခန်းစာမိတ်ဆက်ခြင်း/ နိဒါန်းပျိုးခြင်း<br>(Introduction) | ယခင်သင်ယူပြီး အသိပညာကို စစ်ဆေးခြင်း၊ ဥပမာ - 'အဝင် - အထွက်' (ENTRY - EXIT) နည်းလမ်းကို သုံးခြင်း။<br>အဝင် (မသင်ကြားမီ) - ယခင်က သင်ယူခဲ့သော သီချင်းများနှင့် ကကွက်များအနက် မည်သည်တို့ကို သင်ပြန်လည်မှတ်မိသနည်း။<br>အထွက် (သင်ကြားပြီး) - ကဗျာလွတ်ကကွက်များ မစတင်မီ အသင့်အနေအထားကို မည်သို့ခေါ်သနည်း။ |
| T | သင်ကြားခြင်း (Teach) | ဤအပိုင်းတွင် အများစုသည် ဆရာဗဟိုပြုဖြစ်မည်။ |

DBE Box

| | |
|---|---|
| ၃၅ | စာမေးပွဲအတွက်ကြိုတင်ပြင်ဆင်ခြင်း - ပြန်လှန်သင်ကြားခြင်း |
| ၃၆ | နှစ်ဆုံးစာမေးပွဲ (Year End Exam) |

## ၂။ သင်ခန်းစာအစီအစဉ်များ (Lesson Plans)

သင်ခန်းစာအစီအစဉ်များတွင် သင်ယူမှုရလဒ်၊ သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း၊ ဖွံ့ဖြိုးစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ၊ သင်ကြားသင်ယူမှုဖြစ်စဉ် (သင်ခန်းစာမိတ်ဆက်ခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း- I-T-P-R)၊ သင်ယူမှုနှင့် စဉ်းစားတွေးခေါ်ခြင်းကို အားဖြည့်ရန် နောက်ဆက်တွဲလုပ်ငန်းများ၊ စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများ၊ အဓိကအချက်များနှင့် ဆရာအတွက်မှတ်စု ပါဝင်သည်။

သင်ခန်းစာခေါင်းစဉ်တိုင်းတွင် သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဟူသော အဆင့် ၄ ဆင့် ပါရှိမည်။

- I သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း (Introduction)
- T သင်ကြားခြင်း(Teach)/သင်ကြားမှုလုပ်ငန်း/နမူနာပြခြင်းတို့နှင့်ဆက်စပ်သည့်စကားလုံး
- P လေ့ကျင့်ခြင်း (Practice)
- R ပြန်လည်သုံးသပ်ခြင်း (Review) (နောက်ဆက်တွဲလုပ်ငန်းများပါဝင်နိုင်သည်။)


| | | |
|---|---|---|
| I | သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း (Introduction) | ယခင်သင်ယူပြီး အသိပညာကို စစ်ဆေးခြင်း၊ ဥပမာ - 'အဝင် - အထွက်' (ENTRY - EXIT) နည်းလမ်းကို သုံးခြင်း။<br>အဝင် (မသင်ကြားမီ) - ယခင်က သင်ယူခဲ့သော သီချင်းများနှင့် ကကွက်များအနက် မည်သည်တို့ကို သင်ပြန်လည်မှတ်မိသနည်း။<br>အထွက် (သင်ကြားပြီး) - ကဗျာလွတ်ကကွက်များ မစတင်မီ အသင့်အနေအထားကို မည်သို့ခေါ်သနည်း။ |
| T | သင်ကြားခြင်း (Teach) | ဤအပိုင်းတွင် အများစုသည် ဆရာဗဟိုပြုဖြစ်မည်။ |

DBE Box

| | | |
|---|---|---|
| P | လေ့ကျင့်ခြင်း (Practice) | ဤအပိုင်းတွင် အများစုသည် ကျောင်းသားဗဟိုပြုဖြစ်မည်။ |
| R | ပြန်လည်သုံးသပ်ခြင်း (Review) | ဤအပိုင်းတွင် သင်ခန်းစာအကျဉ်းချုပ်နှင့် ပြန်လည်သုံးသပ်သည့် မေးခွန်းများပါဝင်မည်။ |

သင်ကြားခြင်း - လေ့ကျင့်ခြင်း (T-P) အဆင့်များသည် သင်ခန်းစာတစ်ခုတွင် ထပ်ခါထပ်ခါဖြစ်နိုင်သည်။

ဥပမာ-




## ၃။ ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက် (Glossary of Words)

ကျောင်းသားများက သင်ခန်းစာပါသဘောတရားများကို ပိုမိုနားလည်စေရန်အတွက် လိုအပ်ပါက ကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန်စာအုပ်များတွင် ဝေါဟာရအဓိပ္ပာယ် ရှင်းလင်းချက်များကို ထည့်သွင်းဖော်ပြထားသည်။ ဝေါဟာရ အဓိပ္ပာယ်ရှင်းလင်းချက်များတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့်ဖော်ပြသော အဓိပ္ပာယ်သတ်မှတ်ချက်များနှင့် ပညာရပ်ဆိုင်ရာ အဓိကဝေါဟာရများ ပါဝင်သည်။

DBEBOX

| | | |
|---|---|---|
| P | လေ့ကျင့်ခြင်း (Practice) | ဤအပိုင်းတွင် အများစုသည် ကျောင်းသားဗဟိုပြုဖြစ်မည်။ |
| R | ပြန်လည်သုံးသပ်ခြင်း (Review) | ဤအပိုင်းတွင် သင်ခန်းစာအကျဉ်းချုပ်နှင့် ပြန်လည်သုံးသပ်သည့် မေးခွန်းများပါဝင်မည်။ |

သင်ကြားခြင်း - လေ့ကျင့်ခြင်း (T-P) အဆင့်များသည် သင်ခန်းစာတစ်ခုတွင် ထပ်ခါထပ်ခါဖြစ်နိုင်သည်။

ဥပမာ-

**I** နိဒါန်းပျိုးခြင်း → **T** သင်ကြားခြင်း → **P** လေ့ကျင့်ခြင်း → **T** သင်ကြားခြင်း → **P** လေ့ကျင့်ခြင်း → **R** ပြန်လည်သုံးသပ်ခြင်း

## ၃။ ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက် (Glossary of Words)

ကျောင်းသားများက သင်ခန်းစာပါသဘောတရားများကို ပိုမိုနားလည်စေရန်အတွက် လိုအပ်ပါက ကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန်စာအုပ်များတွင် ဝေါဟာရအဓိပ္ပာယ် ရှင်းလင်းချက်များကို ထည့်သွင်းဖော်ပြထားသည်။ ဝေါဟာရ အဓိပ္ပာယ်ရှင်းလင်းချက်များတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့်ဖော်ပြသော အဓိပ္ပာယ်သတ်မှတ်ချက်များနှင့် ပညာရပ်ဆိုင်ရာ အဓိကဝေါဟာရများ ပါဝင်သည်။

DBE BOX

# အခန်း (၁)
# အဆိုပညာ

**စုစုပေါင်းစာသင်ချိန် ၉ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

## သင်ယူမှုရလဒ်များ

"ကလပ်ကြီးကြိုး"(သီတာ) သီချင်း၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး သံစဉ်စည်းဝါးမှန်ကန်စွာဖြင့် သီဆိုတတ်မည်။

"နှလုံးသားကို အလှဆင်ပါ" သီချင်း၏ အဓိပ္ပာယ်ကိုသိရှိပြီး လူသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး မေတ္တာတရားထားရှိကာ သာယာလှပသော လောကကြီးကို တည်ဆောက်လိုသောစိတ်များ ပေါ်ပေါက်လာမည်။

သင်္ကေတကိုကြည့်၍ မှန်ကန်စွာ ရွတ်ဆိုတတ်ပြီး သံစဉ်စည်းဝါး မှန်ကန်စွာ ခံစားသီဆိုတတ်မည်။

မဟာဂီတသီချင်းနှင့် မြန်မာသံစဉ် ကာလပေါ်သီချင်းတို့ကို မြတ်နိုးတန်ဖိုးထားတတ်လာမည်။

## ၁–၁ "ကလပ်ကြီးကြိုး" (သီတာ) သီချင်း　　စာသင်ချိန် ၅ ချိန်

## သင်ခန်းစာရည်ရွယ်ချက်

- "ကလပ်ကြီးကြိုး" (သီတာ) သီချင်း၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး ပြောပြတတ်ရန်
- "ကလပ်ကြီးကြိုး" (သီတာ) သီချင်းကို သံစဉ်စည်းဝါး မှန်ကန်စွာ ခံစားသီဆိုတတ်ရန်
- မဟာဂီတသီချင်းကို မြတ်နိုးတန်ဖိုးထား ခံစားသီဆိုတတ်ရန်

### ၁–၁–၁ "ကလပ်ကြီးကြိုး" (သီတာ) သီချင်းကို နားထောင်ပြီး အဓိပ္ပာယ်ကို လေ့လာခြင်းနှင့် ဆွေးနွေးခြင်း　　စာသင်ချိန် (၁)

## သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

စည်း၊ ဝါး၊ ကျောင်းသုံးစာအုပ်ပါ သရုပ်ဖော်ပုံများအပြင် သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံများကိုလည်း အသုံးပြုနိုင်ပါသည်။ "ကလပ်ကြီးကြိုး" (သီတာ) သီချင်းကို ဆရာက ဗီဒီယိုဖိုင် သို့မဟုတ် အသံဖိုင်အား ကြည့်ရှုနားထောင်ပြီး ကြိုတင်လေ့ကျင့်ထားပါ။

## သင်ခန်းစာမိတ်ဆက်ခြင်း

ဆရာက ကျောင်းသားများအား ဆဋ္ဌမတန်းတွင် သင်ယူခဲ့ဖူးသော သီချင်းများကို မေးမြန်းပါ။ ယင်းတို့ကို သင်ယူရာတွင် တွေ့ရှိရသော အခက်အခဲများနှင့် စိတ်ခံစားမှုများကို ဆွေးနွေးပါစေ။

ဆက်လက်၍ "ကလပ်ကြီးကြိုး" သီချင်းဖြစ်သော သီတာသီချင်းကို ယနေ့ သင်ကြားမည်ဖြစ်ကြောင်း၊ သီချင်းရေးသူမှာ ဝန်ကြီးပဒေသရာဇာ (ညောင်ရမ်းခေတ်) ဖြစ်ကြောင်းပြောပါ။

**သင်ကြားခြင်း**

ပထမဦးစွာ "ကလပ်ကြီးကြိုး" (သီတာ) သီချင်းကို ဆရာက ဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား သီချင်း၏အဓိပ္ပာယ်ကို မိမိတို့နားလည်သည့်အတိုင်း အဖွဲ့လိုက် ဆွေးနွေး၍ ပြန်လည်တင်ပြပါစေ။ တစ်ဖွဲ့က ဆွေးနွေးနေစဉ် ကျန်အဖွဲ့များက သေချာစွာနားထောင်၍ ဖြည့်စွက်ဆွေးနွေးအကြံပြုပါစေ။ ကျောင်းသားများ၏ ဖြေဆိုမှုများကို နားထောင်ပြီး သီချင်း၏အဓိပ္ပာယ်ကို အောက်ပါအတိုင်း ဆရာက ရှင်းလင်းသင်ကြားပါ။

အလွန်ကြည်လင်အေး၍ မြအရောင်အဆင်းရှိသော ကန်ရေပြင်ဝယ် ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ကြာတံဆိပ်နှင့် ကြာခေါင်းလောင်းဟူသော ငါးပါးသော ကြာမျိုးတို့သည် လှပတင့်တယ်စွာ ဖူးပွင့်၍နေကြသည်။

ကန်၏ကမ်းနားတစ်လျှောက် နံဘေးပတ်ဝန်းကျင်ရှိ သဲများမှာလည်း ငွေရောင်အဆင်းကဲ့သို့ တောက်ပလျက်ပျော်ရွှင်ဖွယ်ကောင်းလှ၏။ မြစ်တွေးငှက်၊ စင်ရော်ငှက်အပေါင်းတို့ကလည်း မြူးထူးပျော်ပါးလျက် နေကြ၏။ ငှက်တော်၊ ကြိုးကြာတို့ကလည်း သာယာစွာသော အသံတို့ဖြင့် ရင့်ကျူးမြည်ကြွေးလျက် ရှိကြ၏။

လိပ်ပြာအမျိုးမျိုးတို့ကလည်း ဟိုမှာ သည်မှာ နား၍ ရေပေါ်၌ ပျံလွှားသွားလာလျက် ကြာဝတ်ဆံများကို စားသုံးကာ ဝဲပျံနေကြလေသည်။

ထို့နောက် "ကလပ်ကြီးကြိုး" (သီတာ) သီချင်း အစမှ အဆုံးအထိ ဆရာက နောက်တစ်ကြိမ် ဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား ဂရုစိုက်နားထောင်ပါစေ။ ဆရာက အပိုဒ် (၁)၊ အပိုဒ် (၂) နှင့် အပိုဒ် (၃) သီချင်းစာသားများအား ဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား စည်းဝါးနေရာများကို ဂရုတစိုက်နားထောင်စေပြီး နောက်မှလိုက်ဆိုစေပါမည်။ သီချင်းစာသားကို နားထောင်ပြီးနောက် မည်သို့ခံစားရသည်ကို အုပ်စုဖွဲ့၍ ဆွေးနွေးပါစေ။ ဆရာနှင့် ကျောင်းသားများ အပြန်အလှန်ဆွေးနွေးပါ။ အပိုဒ် (၄)၊ အပိုဒ် (၅) နှင့် အပိုဒ် (၆) တို့ကို အထက်ပါနည်းအတိုင်း ဆွေးနွေးသင်ကြားပါ။

**လေ့ကျင့်ခြင်း**

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ "ကလပ်ကြီးကြိုး" (သီတာ) သီချင်း၏ အဓိပ္ပာယ်ကိုဆွေးနွေးပြီး မည်သို့ခံစားရသည်ကို ပြန်လည်တင်ပြပါစေ။ တစ်ဖွဲ့က ဆွေးနွေးနေစဉ် ကျန်အဖွဲ့များက သေချာစွာနားထောင်၍ ဖြည့်စွက်အကြံပြုပါစေ။ အပြန်အလှန် ဆွေးနွေးပါစေ။

**သတိပြုရန်အချက်**

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၇) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းလင်းဆွေးနွေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း**

အဖွဲ့လိုက်ဆွေးနွေးနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ ကျောင်းသားအားလုံး ပါဝင်ဆွေးနွေးမှု ရှိ မရှိတို့ကို အကဲဖြတ်ပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက် သင်ကြားပေးပါ။

**၁–၁–၂ “ကလပ်ကြီးကြိုး” (သီတာ) သီချင်း အပိုဒ် (၁)၊ အပိုဒ် (၂) နှင့် အပိုဒ် (၃) တို့ကို သံစဉ်စည်းဝါး မှန်ကန်စွာသီဆိုခြင်း စာသင်ချိန် (၂)**

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

စည်း၊ ဝါး၊ ကျောင်းသုံးစာအုပ်ပါ သရုပ်ဖော်ပုံများအပြင် သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံများကိုလည်း အသုံးပြုနိုင်ပါသည်။ “ကလပ်ကြီးကြိုး” (သီတာ) သီချင်းကို ဆရာက ဗီဒီယိုဖိုင် သို့မဟုတ် အသံဖိုင်အား ကြည့်ရှုနားထောင်ပြီး ကြိုတင်လေ့ကျင့်ထားပါ။

**သင်ခန်းစာမိတ်ဆက်ခြင်း**

“ကလပ်ကြီးကြိုး” (သီတာ) သီချင်းကို သီဆိုလေ့ကျင့်ကြမည်ဟု ဆရာကပြောပါ။ ယင်းသီချင်းသည် ဝါးလတ်စည်းဖြင့် သီဆိုရသော သီချင်းဖြစ်သည်။ သီချင်းသီဆိုသည့်အခါ စည်းဝါးနှင့် အသံနေအသံထား မှန်ကန်မှုရှိစေရန် ဂရုပြု၍ မြရောင်စိမ်းနေသော ကန်ရေပြင်၏ ရှုခင်းအလှများကို ပုံဖော်ရင်း သီဆိုရမည်ဖြစ်ကြောင်းပြောပါ။

**သင်ကြားခြင်း**

“ကလပ်ကြီးကြိုး” (သီတာ) သီချင်း အပိုဒ် (၁) ရှိ ပထမ ၄ ဝါးခန့်ကို ဆရာက စည်းဝါးတီးခတ်၍ သီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား အသံနေအသံထားနှင့် စည်းဝါးမှန်ကန်စေရန် ဂရုတစိုက်နားထောင်ပါစေ။ ထို့နောက် စည်းနှင့် သီဆိုရမည့်နေရာ၊ အသံရှိန်ဆွဲသီဆိုရမည့်နေရာများအား မှတ်သားစေ၍ ဆရာ့နောက်မှ လိုက်ဆိုစေပါမည်။ သီချင်းစာသားကို ကြည့်၍ ဆရာနှင့်အတူ ၃ ကြိမ်ခန့် လေ့ကျင့်သီဆိုပါစေ။ ကျောင်းသားများကိုယ်တိုင် လေ့ကျင့်သီဆိုပါစေ။ အထက်ပါအတိုင်း အပိုဒ် (၂) နှင့် (၃) တို့ကို လေ့ကျင့်သင်ကြားပေးပါ။ ထို့နောက် အပိုဒ် (၁)၊ အပိုဒ် (၂) နှင့် အပိုဒ် (၃) တို့ကို ကျောင်းသားများကိုယ်တိုင် လေ့ကျင့်သီဆိုပါစေ။

**လေ့ကျင့်ခြင်း**

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ "ကလပ်ကြီးကြိုး" (သီတာ) သီချင်း အပိုဒ် (၁)၊ အပိုဒ် (၂) နှင့် အပိုဒ် (၃) အား အသံနေအသံထားမှန်ကန်စွာ အပြန်အလှန်အလှည့်ကျ သီဆိုပါစေ။ တစ်ဖွဲ့က သီဆိုနေစဉ် ကျန်အဖွဲ့က အကဲဖြတ် အကြံပြုပါစေ။ အပြန်အလှန် ကူညီသီဆိုပါစေ။ ကျောင်းသားတိုင်း ပါဝင်စေရန် ဆရာက ကြီးကြပ်ပေးပါ။

**သတိပြုရန်အချက်များ**

- မြသားနေရာတွင် 'မြ' အသံသည် စည်းနေရာတွင် သီဆိုရပြီး 'သား' အသံနေရာတွင် ၁ စည်း ၁ ဝါး အသံရှည်ဆွဲ၍ သီဆိုရမည်။
- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၈) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြဆွေးနွေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း**

အဖွဲ့လိုက် သီဆိုနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ ကျောင်းသားအားလုံး တက်ကြွစွာပါဝင်သီဆိုမှု ရှိ မရှိ၊ သီချင်းစာသားနှင့် သံစဉ်စည်းဝါး မှန်ကန်မှု ရှိ မရှိတို့ကို အကဲဖြတ်ပါ။ အကဲဖြတ်တွေ့ရှိချက်များကို ကျောင်းသားများအား ပြောပြပါ။ လိုအပ်ချက်များ တွေ့ရှိပါက ပြုပြင်ရန်ပြောပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

**၁-၁-၃ "ကလပ်ကြီးကြိုး" (သီတာ) သီချင်း အပိုဒ် (၄)၊ အပိုဒ် (၅) နှင့် အပိုဒ် (၆) တို့ကို သံစဉ်စည်းဝါး မှန်ကန်စွာသီဆိုခြင်း စာသင်ချိန် (၃)**

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

စည်း၊ ဝါး၊ ကျောင်းသုံးစာအုပ်ပါ သရုပ်ဖော်ပုံများအပြင် သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံများကိုလည်း အသုံးပြုနိုင်ပါသည်။ "ကလပ်ကြီးကြိုး" (သီတာ) သီချင်းကို ဆရာက ဗီဒီယိုဖိုင် သို့မဟုတ် အသံဖိုင်အား ကြည့်ရှုနားထောင်ပြီး ကြိုတင်လေ့ကျင့်ထားပါ။

**သင်ခန်းစာမိတ်ဆက်ခြင်း**

"ကလပ်ကြီးကြိုး" (သီတာ) သီချင်း အပိုဒ် (၄)၊ အပိုဒ် (၅) နှင့် အပိုဒ် (၆) တို့ကို သီဆိုလေ့ကျင့်ကြမည်ဟု ဆရာက ပြောပါ။ သီချင်းသီဆိုသည့်အခါ စည်းဝါးနှင့် အသံနေအသံထား မှန်ကန်မှုရှိစေရန် ဂရုပြု၍ ငှက်ကလေးများ၏ မြူးထူးပျော်ရွှင်နေပုံများကို ပုံဖော်ရင်း သီဆိုရမည် ဖြစ်ကြောင်း ပြောပါ။

**သင်ကြားခြင်း**

"ကလပ်ကြီးကြိုး" (သီတာ) သီချင်း အပိုဒ် (၄) ကို ဆရာက စည်းဝါး တီးခတ်၍ သီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား အသံနေအသံထားနှင့် စည်းဝါးမှန်ကန်စေရန် ဂရုတစိုက် နားထောင်ပါစေ။ ထို့နောက် စည်းနှင့်သီဆိုရမည့်နေရာ၊ အသံရှိန်ဆွဲရမည့်နေရာများအား မှတ်သားစေ၍ ဆရာ့နောက်မှ လိုက်ဆိုစေပါမည်။ သီချင်းစာသားကိုကြည့်၍ ဆရာနှင့်အတူ ၃ ကြိမ်ခန့် လေ့ကျင့်သီဆိုပါစေ။ ကျောင်းသားများကိုယ်တိုင် လေ့ကျင့်သီဆိုပါစေ။ အထက်ပါအတိုင်း အပိုဒ် (၅) နှင့် (၆) ကို လေ့ကျင့်သင်ကြားပေးပါ။ ထို့နောက် အပိုဒ် (၄)၊ အပိုဒ် (၅) နှင့် အပိုဒ် (၆) တို့ကို ကျောင်းသားများကိုယ်တိုင် လေ့ကျင့်သီဆိုပါစေ။

**လေ့ကျင့်ခြင်း**

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ "ကလပ်ကြီးကြိုး" (သီတာ) သီချင်း အပိုဒ် (၄)၊ အပိုဒ် (၅) နှင့် အပိုဒ် (၆) တို့ကို အသံနေအသံထား မှန်ကန်စွာ အပြန်အလှန်အလှည့်ကျ သီဆိုပါစေ။ တစ်ဖွဲ့က သီဆိုနေစဉ် ကျန်အဖွဲ့က အကဲဖြတ် အကြံပြုပါစေ။ အပြန်အလှန် ကူညီသီဆိုပါစေ။ ကျောင်းသားတိုင်း ပါဝင်စေရန် ဆရာက ကြီးကြပ်ပေးပါ။

**သတိပြုရန်အချက်**

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၉) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြဆွေးနွေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း**

အဖွဲ့လိုက် သီဆိုနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ ကျောင်းသားအားလုံး တက်ကြွစွာပါဝင်သီဆိုမှု ရှိ မရှိ၊ သီချင်းစာသား၊ အသံနေအသံထားနှင့် စည်းဝါးမှန်ကန်မှု ရှိ မရှိတို့ကို အကဲဖြတ်ပါ။ အကဲဖြတ်တွေ့ရှိချက်များကို ကျောင်းသားများအား ပြောပြပါ။ လိုအပ်ချက်များ တွေ့ရှိပါက ပြုပြင်ရန်ပြောပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

## ၁-၁-၄ "ကလပ်ကြီးကြိုး" (သီတာ) သီချင်းကို စည်းဝါးတီးခတ် သီဆိုခြင်း

**စာသင်ချိန် (၄)**

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

စည်း၊ ဝါး၊ ကျောင်းသုံးစာအုပ်ပါ သရုပ်ဖော်ပုံများအပြင် သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံများကိုလည်း အသုံးပြုနိုင်ပါသည်။ "ကလပ်ကြီးကြိုး" (သီတာ) သီချင်းကို ဆရာက



DBE BOX

ဗီဒီယိုဖိုင် သို့မဟုတ် အသံဖိုင်အား ကြည့်ရှုနားထောင်ပြီး ကြိုတင်လေ့ကျင့်ထားပါ။

**သင်ခန်းစာမိတ်ဆက်ခြင်း**

ဆက်လက်၍ "ကလပ်ကြီးကြိုး" (သီတာ) သီချင်း အစမှအဆုံးအထိ စည်းဝါးတီးခတ်၍ သီဆို လေ့ကျင့်ကြမည်ဟု ဆရာက ပြောပါ။ သီချင်းသီဆိုသည့်အခါ အသံရှိန်၊ စည်းဝါးအဝင်အထွက်များ ကို သတိပြု၍ သီဆိုရမည်ဖြစ်ကြောင်း ပြောပါ။

**သင်ကြားခြင်း**

ပထမဦးစွာ ဆရာက စည်းနှင့် ဝါးကို ကိုင်တွယ်တီးခတ်၍ (စည်းနဲ့ဝါး)၂ (စည်းနဲ့ဝါး)၂ (စည်းနဲ့ ဝါးလေးစည်းနဲ့ဝါး) စာသားကို သီဆိုပြပါ။ "ကလပ်ကြီးကြိုး" (သီတာ) သီချင်း အပိုဒ် (၁) ကို ဆရာက စည်းဝါးတီးခတ်၍ သီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား အသံနေအသံထားနှင့် စည်းဝါးမှန်ကန်စေရန် ဂရုတစိုက်နားထောင်ပါစေ။ စည်းနှင့်သီဆိုရမည့်အပိုဒ်၊ ဝါးနှင့်သီဆိုရမည့် အပိုဒ်နှင့် အသံရှည်ဆွဲရမည့်နေရာ၊ ရပ်နားမည့်နေရာများအား သတိပြုမှတ်သားစေ၍ ဆရာ့နောက်မှ လိုက်ဆိုစေပါမည်။ သီချင်းစာသားကိုကြည့်၍ ဆရာနှင့်အတူ ၃ ကြိမ်ခန့် စည်းဝါးတီးခတ်၍ လေ့ကျင့် သီဆိုပါစေ။ ကျောင်းသားများကိုယ်တိုင် စည်းဝါးတီးခတ်၍ လေ့ကျင့်သီဆိုပါစေ။ အထက်ပါအတိုင်း အပိုဒ် (၂) မှ (၆) အထိ လေ့ကျင့်သင်ကြားပေးပါ။ ထို့နောက် သီချင်းအစမှအဆုံးအထိ ကျောင်းသားများ ကိုယ်တိုင် စည်းဝါးတီးခတ်၍ လေ့ကျင့်သီဆိုပါစေ။ သီချင်းစာသားပေါ်ရှိ စည်းဝါးသင်္ကေတ ( - + ) များကိုကြည့်ပြီး မှန်ကန်စွာ တီးခတ်လေ့ကျင့်ပါစေ။

**လေ့ကျင့်ခြင်း**

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ "ကလပ်ကြီးကြိုး" (သီတာ) သီချင်း အစမှအဆုံးထိကို စည်းဝါးနှင့် အသံနေ အသံထားမှန်ကန်စွာ အပြန်အလှန်အလှည့်ကျသီဆိုပါစေ။ တစ်ဖွဲ့က သီဆိုနေစဉ် ကျန်အဖွဲ့က စည်းဝါးတီးခတ်ပေးပါ။ အချင်းချင်း အကဲဖြတ် အကြံပြုပါစေ။ ကူညီသီဆိုပါစေ။ ကျောင်းသားတိုင်း ပါဝင်စေရန် ဆရာက ကြိုးကြပ်ပေးပါ။

**သတိပြုရန်အချက်များ**

- မဟာဂီတကြိုးသီချင်းများကို စတင်တီးခတ်ရာတွင် ကြိုးခံဟူသောတေးသွားကို တီးလေ့ရှိပါသည်။ သို့သော် စတင်သင်ကြားသော အခြေခံကြိုးသီချင်း ထံတျာ၊ သီတာ၊ သာယာသီချင်းများတွင်မူ (စည်းနဲ့ဝါး စည်းနဲ့ဝါး) ဟု ဝါးလတ်စည်း ၈ ဝါးပြည့်အောင် သီဆိုတီးခတ်ပြီးမှ သီချင်းကို ဆက်လက်သီဆိုရမည်ဖြစ်သည်။
- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၁၀) မှ အဓိကအချက်များကို ကျောင်းသားများ နားလည် အောင် ရှင်းပြဆွေးနွေးပါ။



DBE BOX

## ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း

အဖွဲ့လိုက် သီဆိုနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ သံစဉ်၊ စည်းဝါးမှန်ကန်မှု ရှိ မရှိနှင့် ကျောင်းသားအားလုံး တက်ကြွစွာပါဝင်သီဆိုမှု ရှိ မရှိတို့ကို အကဲဖြတ်ပါ။ အကဲဖြတ်တွေ့ရှိချက်များကို ကျောင်းသားများအားပြောပြပါ။ လိုအပ်ချက်များတွေ့ရှိပါကပြုပြင်ရန်ပြောပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

## ၁–၁–၅ "ကလပ်ကြီးကြိုး" (သီတာ) သီချင်းကို ရသမြောက်အောင် ခံစားသီဆို လေ့ကျင့်ခြင်း စာသင်ချိန် (၅)

### သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

စည်း၊ ဝါး၊ ကျောင်းသုံးစာအုပ်ပါ သရုပ်ဖော်ပုံများအပြင် သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံများကိုလည်း အသုံးပြုနိုင်ပါသည်။ "ကလပ်ကြီးကြိုး" (သီတာ) သီချင်းကို ဆရာက ဗီဒီယိုဖိုင် သို့မဟုတ် အသံဖိုင်အား ကြည့်ရှုနားထောင်ပြီး ကြိုတင်လေ့ကျင့်ထားပါ။

### သင်ခန်းစာမိတ်ဆက်ခြင်း

"ကလပ်ကြီးကြိုး" (သီတာ) သီချင်းကို စည်းဝါး၊ အသံနေအသံထားမှန်ကန်စွာဖြင့် ရသမြောက်အောင် လေ့ကျင့်သီဆိုရမည် ဖြစ်ကြောင်းပြောပါ။ သီချင်းသီဆိုသည့်အခါ တေးသီချင်းတွင်ပါဝင်သော ကန်ရေပြင်ဝန်းကျင်၏ သဘာဝအလှတရားများကို ပုံဖော်ခံစားရင်း စာသားများကို အဖြစ်နိုင်ဆုံး ရင်ထဲမှ လှိုက်လှိုက်လှဲလှဲ ထွက်လာသည့်အသံဖြင့် သီဆိုရမည်ဖြစ်ကြောင်း ပြောပါ။

### သင်ကြားခြင်း

"ကလပ်ကြီးကြိုး" (သီတာ) သီချင်းကို ဆရာက စည်းဝါးတီးခတ်၍ သီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ထို့နောက် ကျောင်းသားများအား "ကလပ်ကြီးကြိုး" (သီတာ) သီချင်းကို အသံနေအသံထားနှင့် စည်းဝါးမှန်ကန်စွာဖြင့် သီဆိုပါစေ။ သီချင်း၏အဓိပ္ပာယ်ကို ပြန်လည်စဉ်းစားပြီး မိမိ၏စိတ်တွင် မည်သို့ခံစားရသည်ကိုလည်း အချင်းချင်းဆွေးနွေးပါစေ။ ကျောင်းသားတိုင်းပါဝင်နိုင်ရန်နှင့် စနစ်တကျ ရှိရန် ဆရာကကြီးကြပ်ပေးပါ။

### လေ့ကျင့်ခြင်း

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ "ကလပ်ကြီးကြိုး" (သီတာ) သီချင်း အစမှအဆုံးအထိ အသံနေအသံထား မှန်ကန်စွာ အပြန်အလှန်အလှည့်ကျ သီဆိုပါစေ။ တစ်ဖွဲ့က သီဆိုနေစဉ် ကျန်အဖွဲ့က စည်းဝါးတီးခတ်ပေးပါ။ အချင်းချင်း အကဲဖြတ် အကြံပြုပါစေ။ ကူညီသီဆိုပါစေ။ ကျောင်းသားတိုင်းပါဝင်စေရန် ဆရာကကြီးကြပ်ပေးပါ။



DBE BOX

**သတိပြုရန်အချက်**

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၁၁) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြ ဆွေးနွေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း**

အဖွဲ့လိုက် သီဆိုနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ ကျောင်းသားအားလုံး တက်ကြွစွာပါဝင်သီဆိုမှု ရှိ မရှိ၊ အသံနေအသံထားနှင့် သံစဉ်စည်းဝါး မှန်ကန်မှု ရှိ မရှိ တို့ကို အကဲဖြတ်ပါ။ အကဲဖြတ်တွေ့ရှိချက်များကို ကျောင်းသားများအား ပြောပြပါ။ လိုအပ်ချက်များ တွေ့ရှိပါက ပြုပြင်ရန်ပြောပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

**၁–၂ "နှလုံးသားကို အလှဆင်ပါ" သီချင်း စာသင်ချိန် ၄ ချိန်**

**သင်ခန်းစာရည်ရွယ်ချက်**

- ► "နှလုံးသားကို အလှဆင်ပါ" သီချင်း၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး ပြန်လည် ပြောပြတတ်ရန်
- ► ဂီတသင်္ကေတကိုကြည့်၍ မှန်ကန်စွာရွတ်ဆိုတတ်ရန်နှင့် သီချင်းကို သံစဉ်စည်းဝါး မှန်ကန်စွာ ခံစားသီဆိုတတ်ရန်
- ► မြန်မာသံစဉ်ကာလပေါ် သီချင်းကို မြတ်နိုးတန်ဖိုးထား ခံစားသီဆိုတတ်ရန်

**၁–၂–၁ "နှလုံးသားကို အလှဆင်ပါ" သီချင်း၏ အဓိပ္ပာယ်ကို လေ့လာခြင်းနှင့် နားထောင်ခံစားခြင်း စာသင်ချိန် (၁)**

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

စည်း၊ ဝါး၊ သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံများကိုလည်း အသုံးပြုနိုင်ပါသည်။ "နှလုံးသားကို အလှဆင်ပါ" သီချင်းကို ဆရာက ဗီဒီယိုဖိုင် သို့မဟုတ် အသံဖိုင်အား ကြည့်ရှုနားထောင်ပြီး ကြိုတင်လေ့ကျင့်ထားပါ။

**သင်ခန်းစာမိတ်ဆက်ခြင်း**

ဆရာက ကျောင်းသားများအား မိမိတို့ကြားဖူးသော သီချင်းများကို မေးမြန်းပါ။ ကျောင်းသား ၂ ဦး၊ ၃ ဦးခန့် ဖြေဆိုပါစေ။ လူသားအချင်းချင်း မေတ္တာတရားဖြင့် ချစ်ကြည်ရင်းနှီးမှုကို အခြေခံသည့် ပေါင်းသင်းဆက်ဆံစေရေးကို ပုံဖော်ထားသော သီချင်းတစ်ပုဒ်ကို ယနေ့သင်ပေးမည်ဟုပြောပါ။ သီချင်းရေးစပ်သူမှာ ဥက္ကာလာခင်စော ဖြစ်ကြောင်းပြောပါ။



DBE BOX

**သင်ကြားခြင်း**

"နှလုံးသားကို အလှဆင်ပါ " သီချင်း အစမှအဆုံးအထိ ဆရာက ဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား ဂရုတစိုက်နားထောင်ပါစေ။ သီချင်းစာသားကို နားထောင်ပြီးနောက် သီချင်း၏ အဓိပ္ပာယ်ကို အုပ်စုလိုက် စဉ်းစားဖြေဆိုစေပါမည်။ တစ်ဖွဲ့က ဆွေးနွေးနေစဉ် ကျန်အဖွဲ့များက နားထောင်၍ ဖြည့်စွက်ဆွေးနွေးပါစေ။ ဆက်လက်၍ သီချင်း၏ အဓိပ္ပာယ်ကို ဆရာက ရှင်းပြပေးပါ။

လူသား အချင်းချင်း အမုန်းမပွားကြဘဲ စေတနာ မေတ္တာထားကာ ချစ်ချစ်ခင်ခင် နေထိုင်ကြရန် လိုအပ်ကြောင်း၊ စိန်ရွှေရတနာများဖြင့် ခြယ်သထားသောအလှမှာ မတည်မြဲဘဲ ပျောက်ကွယ်သွားမည်ဖြစ်ပြီး ရိုးသားခြင်း၊သိမ်မွေ့ခြင်း၊ဖြူစင်သန့်ရှင်းခြင်းတို့သည်သာ လောကကိုအလှဆင်နိုင်မည်ဖြစ်၍ မိမိနှလုံးသားကို အမြဲလှပနေအောင် ကြိုးစားသင့်ကြောင်း၊ မေတ္တာတရားကို ဖွဲ့ဆိုထားသော တေးသီချင်းဖြစ်ကြောင်း ပြောပြပါ။ (မှတ်ချက်။ ။ဆရာက ထပ်မံဖြည့်စွက်လိုသည်များကို ဖြည့်စွက်သင်ကြားနိုင်ပါသည်။)

ထို့နောက် သီချင်းအား ဆရာက နောက်တစ်ကြိမ် ထပ်မံသီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ သံစဉ်၊ စည်းဝါးနှင့် အဓိပ္ပာယ်ကို နားထောင်ပြီးနောက် မည်သို့ခံစားရသည်ကို အုပ်စုဖွဲ့၍ ဆွေးနွေးပါစေ။ ဆရာနှင့်ကျောင်းသား အပြန်အလှန် ဆွေးနွေးပါ။ လိုအပ်သည်များကို ဆရာက ဖြည့်စွက်ဆွေးနွေးပါ။

**လေ့ကျင့်ခြင်း**

"နှလုံးသားကို အလှဆင်ပါ" သီချင်း၏ အဓိပ္ပာယ်ကို  အဖွဲ့လိုက် ဆွေးနွေး၍ မည်သို့ခံစားရသည်ကို ပြန်လည်တင်ပြပါစေ။ တစ်ဖွဲ့က တင်ပြနေစဉ် ကျန်အဖွဲ့များက သေချာစွာနားထောင်၍ ဖြည့်စွက် အကြံပြုပါစေ။ အပြန်အလှန်ဆွေးနွေးပါစေ။

**သတိပြုရန်အချက်**

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၁၃) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းလင်းဆွေးနွေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်  စစ်ဆေးအကဲဖြတ်ခြင်း**

အဖွဲ့လိုက် ဆွေးနွေးနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ ကျောင်းသားအားလုံး ပါဝင်ဆွေးနွေးမှု ရှိ မရှိတို့ကို အကဲဖြတ်ပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

DBE BOX

## ၁–၂–၂ "နှလုံးသားကို အလှဆင်ပါ" သီချင်း အပိုဒ် (၁) ကို စည်းဝါးတီးခတ် သီဆိုလေ့ကျင့်ခြင်း စာသင်ချိန် (၂)

### သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

စည်း၊ ဝါး၊ သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံများကိုလည်း အသုံးပြုနိုင်ပါသည်။ "နှလုံးသားကို အလှဆင်ပါ" သီချင်းကို ဆရာက ဗီဒီယိုဖိုင် သို့မဟုတ် အသံဖိုင်အား ကြည့်ရှုနားထောင်ပြီး ကြိုတင်လေ့ကျင့်ထားပါ။

### သင်ခန်းစာမိတ်ဆက်ခြင်း

ဆရာက ကျောင်းသားများအား စာသင်ချိန် (၁) တွင် သင်ကြားခဲ့သော သီချင်း၏ အပိုဒ် (၁) ကို စည်းဝါးတီးခတ် သီဆိုလေ့ကျင့်ရမည်ဖြစ်ကြောင်း ပြောပါ။ သီချင်းသီဆိုရာတွင် လူသားအချင်းချင်း မေတ္တာတရားဖြင့် ချစ်ကြည်ရင်းနှီးမှုကိုအခြေခံသည့် ပေါင်းသင်းဆက်ဆံရေးကို ပုံဖော်ရင်း ခံစားချက်ထည့်၍ စည်းဝါးမှန်ကန်အောင် သီဆိုရမည်ဖြစ်ကြောင်းပြောပါ။

### သင်ကြားခြင်း

"နှလုံးသားကို အလှဆင်ပါ" သီချင်း အပိုဒ် (၁) ရှိ ၄ ဝါးခန့်ကို ဆရာက စည်းဝါးတီးခတ်၍ သီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား အသံနေအသံထားနှင့် စည်းဝါးမှန်ကန်စေရန် ဂရုတစိုက်နားထောင်ပြီး ဆရာ့နောက်မှ လိုက်ဆိုပါစေ။ သီချင်းစာသားကိုကြည့်၍ ဆရာနှင့်အတူ ၃ ကြိမ်ခန့် လေ့ကျင့်သီဆိုပါစေ။ ကျောင်းသားများကိုယ်တိုင် လေ့ကျင့်သီဆိုပါစေ။ ထို့နောက် အပိုဒ် (၁) ကို ကျောင်းသားများကိုယ်တိုင် စည်းဝါးတီးခတ် လေ့ကျင့်သီဆိုပါစေ။

### လေ့ကျင့်ခြင်း

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ "နှလုံးသားကို အလှဆင်ပါ" သီချင်း အပိုဒ် (၁) အား အသံနေအသံထားနှင့် စည်းဝါးမှန်ကန်စွာ အပြန်အလှန်အလှည့်ကျ သီဆိုပါစေ။ တစ်ဖွဲ့က သီဆိုနေစဉ် ကျန်အဖွဲ့က စည်းဝါးတီးခတ်ပေးရင်း အကဲဖြတ် အကြံပြုပါစေ။ အပြန်အလှန် ကူညီသီဆိုပါစေ။ ကျောင်းသားတိုင်း ပါဝင်စေရန် ဆရာက ကြီးကြပ်ပေးပါ။

### သတိပြုရန်အချက်

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၁၄) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြဆွေးနွေးပါ။



DBE Box

## ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း

အဖွဲ့လိုက် သီဆိုနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ ကျောင်းသားအားလုံး တက်ကြွစွာ ပါဝင်သီဆိုမှု ရှိ မရှိ အသံနေအသံထားနှင့် စည်းဝါးမှန်ကန်မှု ရှိ မရှိတို့ကို အကဲဖြတ်ပါ။ အကဲဖြတ်တွေ့ရှိချက်များကို ကျောင်းသားများအားပြောပြပါ။ လိုအပ်ချက်များတွေ့ရှိပါက ပြုပြင်ရန်ပြောပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

## ၁-၂-၃ "နှလုံးသားကို အလှဆင်ပါ" သီချင်း အပိုဒ် (၂) ကို စည်းဝါးတီးခတ် သီဆိုလေ့ကျင့်ခြင်း　　စာသင်ချိန် (၃)

## သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

စည်း၊ ဝါး၊ သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံများကိုလည်း အသုံးပြုနိုင်ပါသည်။ "နှလုံးသားကို အလှဆင်ပါ" သီချင်းကို ဆရာက ဗီဒီယိုဖိုင် သို့မဟုတ် အသံဖိုင်အား ကြည့်ရှုနားထောင်ပြီး ကြိုတင်လေ့ကျင့်ထားပါ။

## သင်ခန်းစာမိတ်ဆက်ခြင်း

ဆရာက ကျောင်းသားများအား စာသင်ချိန် (၂) တွင် သင်ကြားခဲ့သော သီချင်းစာသားကို ပြန်လည်မှတ်မိစေရန် လေ့ကျင့်သီဆိုရမည်ဖြစ်ကြောင်း ပြောပါ။ သီဆိုရာတွင် စည်းဝါးမှန်ကန်မှုရှိစေရန် ဂရုပြုရမည်ဖြစ်ကြောင်း ပြောပါ။ ကျောင်းသားများသီဆိုနေစဉ် ဆရာက စည်းဝါးတီးခတ်ပေးပါ။ ဆက်လက်၍ အပိုဒ် (၂) ကို သင်ယူရမည်ဖြစ်ကြောင်း ပြောပါ။

## သင်ကြားခြင်း

"နှလုံးသားကို အလှဆင်ပါ" သီချင်း အပိုဒ် (၂) ကို ဆရာက စည်းဝါးတီးခတ်၍ သီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား အသံနေအသံထားနှင့် စည်းဝါးမှန်ကန်စေရန် ဂရုတစိုက်နားထောင်ပြီး ဆရာ့နောက်မှ လိုက်ဆိုစေပါမည်။ သီချင်းစာသားကို ကြည့်၍ ဆရာနှင့်အတူ ၃ ကြိမ်ခန့် လေ့ကျင့်သီဆိုပါစေ။ ကျောင်းသားများကိုယ်တိုင် လေ့ကျင့်သီဆိုပါစေ။ ထို့နောက် အပိုဒ် (၂) ကို ကျောင်းသားများကိုယ်တိုင် စည်းဝါးတီးခတ် လေ့ကျင့်သီဆိုပါစေ။

## လေ့ကျင့်ခြင်း

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ "နှလုံးသားကို အလှဆင်ပါ" သီချင်း အပိုဒ် (၂) အား အသံနေအသံထားနှင့် စည်းဝါးမှန်ကန်စွာ အပြန်အလှန်အလှည့်ကျ သီဆိုပါစေ။ တစ်ဖွဲ့က သီဆိုနေစဉ် ကျန်အဖွဲ့က စည်းဝါးတီးခတ်ပေးရင်း အကဲဖြတ် အကြံပြုပါစေ။ အပြန်အလှန်ကူညီသီဆိုပါစေ။ ကျောင်းသားတိုင်း ပါဝင်စေရန် ဆရာက ကြီးကြပ်ပေးပါ။

## သတိပြုရန်အချက်

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၁၅) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြဆွေးနွေးပါ။

## ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း

အဖွဲ့လိုက် သီဆိုနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ ကျောင်းသားအားလုံး တက်ကြွစွာ ပါဝင်သီဆိုမှု ရှိ မရှိနှင့် ကျောင်းသားများ၏ လေ့ကျင့်မှုကို အကဲဖြတ်ပါ။ အကဲဖြတ်တွေ့ရှိချက်များကို ကျောင်းသားများအားပြောပြပါ။လိုအပ်ချက်များတွေ့ရှိပါကပြုပြင်ရန်ပြောပါ။ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

## ၁–၂–၄ "နှလုံးသားကို အလှဆင်ပါ" သီချင်း အပိုဒ် (၁) ကို " ဒို ရေ မီ " သင်္ကေတဖြင့် သီဆိုလေ့ကျင့်ခြင်း စာသင်ချိန် (၄)

## သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

စည်း၊ ဝါး၊ သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံများကိုလည်း အသုံးပြုနိုင်ပါသည်။ "နှလုံးသားကို အလှဆင်ပါ" သီချင်းကို ဆရာက ဗီဒီယိုဖိုင် သို့မဟုတ် အသံဖိုင်အား ကြည့်ရှုနားထောင်ပြီး ကြိုတင်လေ့ကျင့်ထားပါ။

## သင်ခန်းစာမိတ်ဆက်ခြင်း

ဆရာက ကျောင်းသားများအား "နှလုံးသားကို အလှဆင်ပါ" သီချင်းကို " ဒို ရေ မီ " သင်္ကေတဖြင့် လေ့ကျင့်သီဆိုရမည်ဖြစ်ကြောင်း ပြောပါ။ သီချင်းသီဆိုရာတွင် အသံနေအသံထားနှင့် စည်းဝါးမှန်ကန်စွာ သီဆိုရမည်ဖြစ်ကြောင်း ပြောပါ။

## သင်ကြားခြင်း

"နှလုံးသားကို အလှဆင်ပါ" သီချင်း အပိုဒ် (၁) ကို ဆရာက စည်းဝါးတီးခတ်၍ သီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား အသံနေအသံထားနှင့် စည်းဝါးမှန်ကန်စေရန် ဂရုတစိုက်နားထောင်ပါစေ။ ဆက်လက်၍ ဆရာက "နှလုံးသားကို အလှဆင်ပါ" သီချင်း အပိုဒ် (၁) ကို " ဒို ရေ မီ " သင်္ကေတဖြင့် သီဆိုပြပါ။ ဆရာသီဆိုပြစဉ် ကျောင်းသားများက ကျောင်းသုံးစာအုပ်ပါ ဂီတသင်္ကေတများကို လက်ဖြင့်ထောက်၍ ကြည့်ရှုမှတ်သားပါစေ။ ဆရာသီဆိုပြသည့်အတိုင်း ကျောင်းသားများက ဆရာ့နောက်မှ လိုက်ဆိုစေပါမည်။ ဂီတသင်္ကေတကိုကြည့်၍ ဆရာနှင့်အတူ ၃ ကြိမ်ခန့် လေ့ကျင့်သီဆိုပါစေ။ ကျောင်းသားများကိုယ်တိုင် လေ့ကျင့်သီဆိုပါစေ။ ကျောင်းသားများ လေ့ကျင့်

သီဆိုနေစဉ် ဆရာက (Timing) ခေါ်ပေးပါ။ အထက်ပါနည်းအတိုင်း အပိုဒ် (၂) ကို အချိန်ရပါက ဆက်လက်သင်ကြားပေးပါ။

**လေ့ကျင့်ခြင်း**

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ "နှလုံးသားကို အလှဆင်ပါ" သီချင်း အပိုဒ် (၁) ၏ ဂီတသင်္ကေတကို အသံနေအသံထားနှင့် စည်းဝါးမှန်ကန်စွာ အပြန်အလှန် အလှည့်ကျ သီဆိုပါစေ။ တစ်ဖွဲ့က သီဆိုနေစဉ် ကျန်အဖွဲ့က စည်းဝါးတီးခတ်ပေးရင်း အကဲဖြတ် အကြံပြုပါစေ။ အပြန်အလှန် ကူညီသီဆိုပါစေ။ ကျောင်းသားတိုင်း ပါဝင်စေရန် ဆရာက ကြီးကြပ်ပေးပါ။

**သတိပြုရန်အချက်**

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၁၅) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြဆွေးနွေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း**

အဖွဲ့လိုက် သီဆိုနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ ကျောင်းသားများ အသံနေအသံထားနှင့် စည်းဝါးမှန်ကန်မှု ရှိ မရှိတို့ကို အကဲဖြတ်ပါ။ အကဲဖြတ်တွေ့ရှိချက်များကို ကျောင်းသားများအား ပြောပြပါ။ လိုအပ်သည်များကို ပြုပြင်ရန်ပြောပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

**အခန်း (၁) အဆိုပညာကို ပြန်လည်သုံးသပ်ခြင်း**

အခန်း (၁) အဆိုပညာ ပြန်လည်သုံးသပ်ခြင်းကို ကျောင်းသုံးစာအုပ် စာမျက်နှာ (၁၆) တွင် ကျောင်းသားများနှင့်အတူ ပြန်လည်လေ့ကျင့်သုံးသပ်ပါ။

# အခန်း (၂)

## အကပညာ

**စုစုပေါင်းစာသင်ချိန် ၈ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

**သင်ယူမှုရလဒ်များ**

မေးထိုးအက၊ သုံးပွင့်ဆိုင်အက၊ ကန်တော့ပန်းအကနှင့် ငှက်ပျောဖူးလက်အကတို့၏ ခေါင်း၊ ခါး၊ ခြေ၊ လက်၊ မျက်နှာလှုပ်ရှားမှုများကို ရှင်းပြနိုင်ပြီး စည်းဝါးမှန်စွာ စနစ်တကျ ကပြတတ်မည်။ အခြေခံကဗျာလွတ် ကကွက်များကို လက်တွေ့လေ့ကျင့်ပြီး မြန်မာ့ရိုးရာအကပညာကို မြတ်နိုးတန်ဖိုး ထားတတ်လာမည်။

**၂–၁ မေးထိုးအကနှင့် သုံးပွင့်ဆိုင်အက စာသင်ချိန် ၄ ချိန်**

**သင်ခန်းစာရည်ရွယ်ချက်များ**

- မေးထိုးအကနှင့် သုံးပွင့်ဆိုင်အကတို့၏ ခေါင်း၊ ခါး၊ ခြေ၊ လက်၊ မျက်နှာ လှုပ်ရှားမှုများကို ရှင်းပြနိုင်ပြီး စည်းဝါးမှန်စွာ စနစ်တကျ ကပြတတ်ရန်
- အခြေခံကဗျာလွတ်ကကွက်များကို လက်တွေ့လေ့ကျင့်ပြီး မြန်မာ့ရိုးရာအကပညာကို မြတ်နိုး တန်ဖိုးထားတတ်ပြီး ယိမ်းအက၊ တိုင်းရင်းသားရိုးရာအကများနှင့် တွဲဖက် ကပြတတ်ရန်

**၂–၁–၁ မေးထိုးအကကို သင်ကြားလေ့ကျင့်ခြင်း စာသင်ချိန် (၁)**

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

မေးထိုးအက၏ ကကွက်ပုံများ (ကျောင်းသုံးစာအုပ်ပါ သရုပ်ဖော်ပုံများအပြင် သင်ထောက်ကူ ကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံများ) ကို အသုံးပြုနိုင်သည်။ သင်ခန်းစာရှိ ကကွက်များပါသော ဗီဒီယိုဖိုင် (ကနည်းကဟန်) များကိုကြည့်ပြီး ဆရာက ကြိုတင်လေ့ကျင့်ထားပါ။

**သင်ခန်းစာမိတ်ဆက်ခြင်း**

ဆရာက ကျောင်းသားများအား ဆဋ္ဌမတန်းတွင် သင်ယူခဲ့ရသော ကကွက်များကို မေးပါ။ ယင်း ကကွက်များကို လက်တွေ့လေ့ကျင့်ရာတွင် တွေ့ကြုံရသော အခက်အခဲများနှင့် စိတ်ခံစားမှုများကို မေး၍ နိဒါန်းပျိုးပါ။ ရရှိလာသောအဖြေပေါ်မူတည်၍ ကျောင်းသားအချင်းချင်း ဆွေးနွေးပါစေ။ လိုအပ်သည်များကို ဆရာက ဖြည့်စွက်ရှင်းလင်းပေးပါ။ ထို့နောက် ယင်းကကွက်များကို ပြန်လည် လေ့ကျင့်ကြမည်ဟု ပြောပါ။ လေ့ကျင့်ရာတွင် ခေါင်း၊ ခါး၊ ခြေ၊ လက်၊ စည်းဝါးမှန်စေရန် သတိပေးပါ။



DBE BOX

လိုအပ်ပါက ပြုပြင်ပေးပါ။ ဆရာက စည်းနှင့်ဝါးကို တီးခတ်ပေးပါ။ ဆက်လက်၍ အမျိုးသမီးအခြေခံ ကဗျာလွတ်အကပထမအဆင့်မှ မေးထိုးအကကို ယနေ့သင်ပေးမည်ဟုပြောပါ။

## သင်ကြားခြင်း

ပထမဦးစွာ ဆရာက ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၁၇) နှင့် (၁၈) တို့မှ မေးထိုးအက၏ ကကွက်အဆင့်များကို ကပြပါ သို့မဟုတ် ဗီဒီယိုဖိုင်ဖွင့်ပြခြင်းဖြင့် သရုပ်ပြရှင်းပါ။ ယင်းကကွက် များကို ကျောင်းသားများအား တစ်ဆင့်ချင်း သင်ကြားပေးပါ။ ကျောင်းသားများအား ဆရာ ကပြသော ကကွက်အဆင့်များကို သေချာစွာ ကြည့်ရှုလေ့လာစေပြီး လိုက်ကရန် ပြောပါ။ သရုပ်ပြရှင်းစဉ် ကျောင်းသားများအား သတိပြုရမည့်အချက်များကို ပြောပြပါ။

## လေ့ကျင့်ခြင်း

ကကွက်အဆင့်များအတိုင်း လေ့ကျင့်သင်ကြားပြီးပါက ကျောင်းသား နှစ်ဦး သို့မဟုတ် သုံးဦး ဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ဆရာနှင့်အတူ လေ့ကျင့်ပါစေ။ ကျောင်းသားတိုင်းပါဝင်နိုင်ရန်နှင့် စနစ်တကျရှိရန် ဆရာက ကြီးကြပ်ပေးပါ။ ထိုသို့လေ့ကျင့်ရာတွင် မှန်ကန်စွာ မကနိုင်သေးသော ကျောင်းသားများကို ကနိုင်သည့် ကျောင်းသားများက ကူညီ၍ ပူးပေါင်းလေ့ကျင့်ပါစေ။ တစ်ဖွဲ့က ကနေစဉ် ကျန်အဖွဲ့များက ကြည့်ရှုလေ့လာပါစေ။ အဖွဲ့လိုက် စည်းဝါးနှင့်အညီ ပျော်ရွှင်စွာကပါစေ။

## သတိပြုရန်အချက်

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၁၉) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းလင်းဆွေးနွေးပါ။

## ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း

တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ မေးထိုးအကကို လေ့ကျင့်နေစဉ် ဆရာက လိုက်ကြည့်၍ စိတ်ပါဝင်စားစွာ ပါဝင်လုပ်ဆောင်မှု ရှိ မရှိ တို့ကို အကဲဖြတ်ပါ။ လိုအပ်ချက်များကို ဆရာကဖြည့်စွက်သင်ကြားပေးပါ။ ကျောင်းသားအချင်းချင်း အကြံပြု၍ ကူညီလေ့ကျင့်ပါစေ။ ပိုင်နိုင်စွာ မကနိုင်သေးသည့် ကကွက်များကို ဆရာက ထပ်မံလေ့ကျင့်ပေးပါ။

## ၂-၁-၂ သုံးပွင့်ဆိုင်အကကို သင်ကြားလေ့ကျင့်ခြင်း စာသင်ချိန် (၂)

## သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

သုံးပွင့်ဆိုင်အက၏ ကကွက်ပုံများ (ကျောင်းသုံးစာအုပ်ပါ သရုပ်ဖော်ပုံများအပြင် သင်ထောက်ကူ ကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံများ) ကို အသုံးပြုနိုင်သည်။ သင်ခန်းစာရှိ ကကွက်များပါသော ဗီဒီယိုဖိုင် (ကနည်းကဟန်) များကိုကြည့်ပြီး ဆရာက ကြိုတင်လေ့ကျင့်ထားပါ။

## သင်ခန်းစာမိတ်ဆက်ခြင်း

ဆရာက ကျောင်းသားများအား ပထမအချိန်တွင် သင်ယူခဲ့ရသောကကွက်များနှင့် ယင်းကကွက်များကို လက်တွေ့လေ့ကျင့်ရာတွင် တွေ့ရှိရသည့် အခက်အခဲများနှင့် စိတ်ခံစားမှုများကို မေး၍ နိဒါန်းပျိုးပါ။ ရရှိလာသော အဖြေပေါ် မူတည်၍ ကျောင်းသားအချင်းချင်း ဆွေးနွေးပါစေ။ လိုအပ်သည်များကို ဆရာက ဖြည့်စွက်ရှင်းလင်းပေးပါ။ ထို့နောက် ယင်းကကွက်ကို ပြန်လည် လေ့ကျင့်ကြမည်ဟု ပြောပါ။ လေ့ကျင့်ရာတွင် ခေါင်း၊ ခါး၊ ခြေ၊ လက် စည်းဝါးမှန်စေရန် သတိပေးပါ။ လိုအပ်ပါက ပြုပြင်ပေးပါ။ ဆရာက စည်းနှင့် ဝါးကို တီးခတ်ပေးပါ။ ဆက်လက်၍ သုံးပွင့်ဆိုင်အကကို ယနေ့ သင်ပေးမည်ဟု ပြောပါ။

## သင်ကြားခြင်း

ပထမဦးစွာ ဆရာက ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၀) နှင့် (၂၁) တို့မှ သုံးပွင့်ဆိုင်အက၏ ကကွက် အဆင့်များကို ကပြပါ သို့မဟုတ် ဗီဒီယိုဖိုင်ဖွင့်ပြခြင်းဖြင့် သရုပ်ပြရှင်းပါ။ ယင်းကကွက်များကို ကျောင်းသားများအား တစ်ဆင့်ချင်း သင်ကြားပေးပါ။ ကျောင်းသားများအား ဆရာ ကပြသော ကကွက်အဆင့်များကို သေချာစွာ ကြည့်ရှုလေ့လာစေပြီး လိုက်ကရန်ပြောပါ။ သရုပ်ပြရှင်းစဉ် ကျောင်းသားများအား သတိပြုရမည့်အချက်များကို ပြောပြပါ။

## လေ့ကျင့်ခြင်း

ကကွက်အဆင့်များအတိုင်း လေ့ကျင့်သင်ကြားပြီးပါက ကျောင်းသား နှစ်ဦး သို့မဟုတ် သုံးဦး ဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ဆရာနှင့်အတူ လေ့ကျင့်ပါစေ။ ထိုသို့ လေ့ကျင့်ရာတွင် မှန်ကန်စွာ မက နိုင်သေးသော ကျောင်းသားများကို ကနိုင်သည့် ကျောင်းသားများက ကူညီ၍ ပူးပေါင်းလေ့ကျင့်ပါစေ။ ကျောင်းသားတိုင်းပါဝင်နိုင်ရန်နှင့် စနစ်တကျရှိရန် ဆရာက ကြီးကြပ်ပေးပါ။ တစ်ဖွဲ့က က နေစဉ် ကျန်အဖွဲ့များက ကြည့်ရှုလေ့လာပါစေ။ အဖွဲ့လိုက် စည်းဝါးနှင့်အညီ ပျော်ရွှင်စွာကပါစေ။

## သတိပြုရန်အချက်

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၁) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းလင်းဆွေးနွေးပါ။

## ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း

တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ သုံးပွင့်ဆိုင်အကကို လေ့ကျင့်နေစဉ် ဆရာက လိုက်ကြည့်၍ စိတ်ပါဝင်စားစွာ ပါဝင်လုပ်ဆောင်မှုများကို အကဲဖြတ်ပါ။ လိုအပ်ချက်များကို ဆရာက ဖြည့်စွက် သင်ကြားပေးပါ။ ကျောင်းသားအချင်းချင်း အကြံပြု၍ ကူညီလေ့ကျင့်ပါစေ။ ပိုင်နိုင်စွာ မကနိုင်သေး



DBE BOX

သည့်ကကွက်များကို ဆရာက ထပ်မံလေ့ကျင့်ပေးပါ။ စနစ်တကျ မကနိုင်သေးသည့် ကျောင်းသားများကို စနစ်ကျစွာကနိုင်သည့် ကျောင်းသားများက အချင်းချင်း ကူညီပေးပါ။

## ၂-၁-၃ မေးထိုးအကနှင့် သုံးပွင့်ဆိုင်အကတို့ကို စည်းဝါးဒိုးချက်တို့ဖြင့် သင်ကြားလေ့ကျင့်ခြင်း စာသင်ချိန် (၃)

### သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

စည်း၊ ဝါး၊ မေးထိုးအကနှင့် သုံးပွင့်ဆိုင်အကတို့၏ ကကွက်ပုံများ (ကျောင်းသုံးစာအုပ်ပါ သရုပ်ဖော်ပုံများအပြင် သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံများ) ကို အသုံးပြုနိုင်သည်။ သင်ခန်းစာရှိ ကကွက်များပါသော ဗီဒီယိုဖိုင် (ကနည်းကဟန်) များကို ကြည့်ပြီး ဆရာက ကြိုတင်လေ့ကျင့်ထားပါ။

### သင်ခန်းစာမိတ်ဆက်ခြင်း

ဆရာက ကျောင်းသားများအား စာသင်ချိန် (၁) နှင့် (၂) တွင် သင်ယူခဲ့သော မေးထိုးအကနှင့် သုံးပွင့်ဆိုင်အကများ လေ့ကျင့်သင်ယူရာတွင် သတိပြုရသည့်အချက်များကို မေးပါ။ ကျောင်းသားများ၏ အဖြေပေါ်မူတည်၍ အချင်းချင်း ဆွေးနွေးပါစေ။ လိုအပ်သည်များကို ဆရာက ဖြည့်စွက်ရှင်းလင်းပေးပါ။ ထို့နောက် ယင်းကကွက်များကို ပြန်လည်လေ့ကျင့်ကြမည်ဟု ပြောပါ။ လေ့ကျင့်ရာတွင် ခေါင်း၊ ခါး၊ ခြေ၊ လက် စည်းဝါးမှန်စေရန် သတိပေးပါ။ လိုအပ်ပါက ပြုပြင်ပေးပါ။ ဆရာက စည်းနှင့်ဝါးကို တီးခတ်ပေးပါ။ ဆက်လက်၍ ယင်းမေးထိုးအကနှင့် သုံးပွင့်ဆိုင်အကတို့ကို စည်းဝါး ဒိုးချက်တို့ဖြင့် သင်ကြားပေးမည်ဟုပြောပါ။

### သင်ကြားခြင်း

ပထမဦးစွာ ဆရာက စည်းဝါးတီးခတ်၍ အခြေခံကဗျာလွတ်ကကွက်၏ ဒိုးချက်သံ (တို့ဖေ ဒိုးဖေ တို့ဖေဒိုးဖေ ပြေးပြေး တပ်ပြေး တပ်ပြေး တပ်) ကို အသံဖိုင်ဖွင့်၍ဖြစ်စေ၊ နှုတ်မှရွတ်ဆို၍ဖြစ်စေ ကျောင်းသားများအား နားထောင်စေပါမည်။ ပထမ ၄ ဝါးရှိ ဒိုးချက်သည် ကရန် အသင့်အနေအထား (ခွင်) ပုံစံ ယူထားရန်ဖြစ်သည်။ ပဉ္စမမြောက်ဝါးချက်မှစ၍ အကစတင်ကြောင်း ရှင်းပြပေးပါ။ ဆက်လက်၍ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၂) နှင့် (၂၃) တို့မှ ရည်ညွှန်းချက်များအတိုင်း ဆရာက ကပြပါ သို့မဟုတ် ဗီဒီယိုဖိုင်ဖွင့်ပြပါ။ ကျောင်းသားများအား ဆရာ ကပြသော ကကွက်တစ်ဆင့်ချင်းစီကို သေချာစွာ ကြည့်ရှုလေ့လာစေပြီး လိုက်ကရန်ပြောပါ။ သရုပ်ပြရှင်းစဉ် ကျောင်းသားများအား သတိပြုရမည့် အချက်များကို ပြောပြပါ။ စည်း၊ ဝါး၊ ဒိုးချက်မှန်မှန်နှင့် ခွင်ပုံစံမပျက် စနစ်တကျ ကရန်ပြောပါ။

## လေ့ကျင့်ခြင်း

အထက်ပါအဆင့်များအတိုင်း လေ့ကျင့်သင်ကြားပြီးပါက ကျောင်းသားနှစ်ဦး သို့မဟုတ် သုံးဦး ဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ဆရာနှင့်အတူ လေ့ကျင့်ပါစေ။ ကျောင်းသားတိုင်းပါဝင်နိုင်ရန်နှင့် စနစ်တကျရှိရန် ဆရာက ကြီးကြပ်ပေးပါ။ ထိုသို့လေ့ကျင့်ရာတွင် မှန်ကန်စွာမကနိုင်သေးသော ကျောင်းသားများကို ကနိုင်သည့် ကျောင်းသားများကကူညီ၍ ပူးပေါင်းလေ့ကျင့်ပါစေ။ တစ်ဖွဲ့က ကနေစဉ် ကျန်အဖွဲ့များက ကြည့်ရှုလေ့လာပါစေ။ အဖွဲ့လိုက် စည်းဝါး၊ ဒိုးချက်နှင့်အညီ ပျော်ရွှင်စွာကပါစေ။

## သတိပြုရန်အချက်များ

- ပဌမမြောက်ဝါးမှာ အကစတင်ရန် အချက်ပေးဝါးဖြစ်၍ စည်းမှ စတင် ကပြပါ။
- (တို့ဗေဒိုးဗေ တို့ဗေဒိုးဗေ ပြေး ပြေး တပ်ပြေး တပ်ပြေး တပ်) ဒိုးချက်ကို အကစတင်ခြင်းနှင့် ကကွက်ကူးပြောင်းမှုများတွင် သတိပြုမိစေရန် အသုံးပြုသည်။

## ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း

တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ကကွက်များကို လေ့ကျင့်နေစဉ် ဆရာက လိုက်ကြည့်၍ စိတ်ပါဝင်စားစွာဖြင့် စည်းဝါးကျနစွာ ကနိုင်မှု ရှိ မရှိတို့ကို အကဲဖြတ်ပါ။ လိုအပ်ချက်များကို ဆရာက သင်ကြားပေးပါ။ ကျောင်းသားအချင်းချင်း အကြံပြု၍ ကူညီလေ့ကျင့်ပါစေ။ ပိုင်နိုင်စွာ မကနိုင်သေးသည့် ကကွက်များကို ဆရာက ထပ်မံလေ့ကျင့်ပေးပါ။

## ၂-၁-၄ မေးထိုးအကနှင့် သုံးပွင့်ဆိုင်အကတို့ကို စည်းဝါးဒိုးချက်တို့ဖြင့် တစ်ဆက်တည်း သင်ကြားလေ့ကျင့်ခြင်း စာသင်ချိန် (၄)

## သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

စည်းဝါး၊ မေးထိုးအကနှင့် သုံးပွင့်ဆိုင်အကတို့၏ ကကွက်ပုံများ (ကျောင်းသုံးစာအုပ်ပါ သရုပ်ဖော်ပုံများအပြင် သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံများ) ကို အသုံးပြုနိုင်သည်။ သင်ခန်းစာရှိ ကကွက်များပါသော ဗီဒီယိုဖိုင် (ကနည်းကဟန်) များကိုကြည့်ပြီး ဆရာက ကြိုတင်လေ့ကျင့်ထားပါ။

## သင်ခန်းစာမိတ်ဆက်ခြင်း

ဆရာက ကျောင်းသားများအား စာသင်ချိန် (၃) တွင် သင်ယူခဲ့သော ကကွက်များကို စည်းဝါးဖြင့် လေ့ကျင့်ခြင်းနှင့် စည်းဝါးလွတ်လေ့ကျင့်ခြင်းတို့၏ ကွာခြားမှုကိုမေး၍ နိဒါန်းပျိုးပါ။ ရရှိလာသော အဖြေပေါ် မူတည်၍ ကျောင်းသားအချင်းချင်း ဆွေးနွေးပါစေ။ လိုအပ်သည်များကို ဆရာက ဖြည့်စွက်ရှင်းလင်း ပေးပါ။ ထို့နောက် ယင်းကကွက်များကို ပြန်လည်လေ့ကျင့်ကြမည်ဟုပြောပါ။ လေ့ကျင့်ရာတွင်



DBEBOX

ခေါင်း၊ ခါး၊ ခြေ၊ လက် စည်းဝါးမှန်စေရန် သတိပေးပါ။ လိုအပ်ပါက ပြုပြင်ပေးပါ။ ဆရာက စည်းနှင့်ဝါးကို တီးခတ်ပေးပါ။ ဆက်လက်၍ ယင်းကကွက်များကို စည်းဝါးဒိုးချက်တို့ဖြင့် တစ်ဆက်တည်း သင်ကြားပေးမည်ဟု ပြောပါ။

**သင်ကြားခြင်း**

ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၄) မှ ရည်ညွှန်းချက်များအတိုင်း ဆရာက ကပြပါ သို့မဟုတ် ဗီဒီယိုဖိုင်ဖွင့်ပြ၍ သရုပ်ပြရှင်းပါ။ ကျောင်းသားများအား ဆရာကပြသော ကကွက်တစ်ဆင့်ချင်းစီကို သေချာစွာ ကြည့်ရှုလေ့လာစေပြီး လိုက်ကရန် ပြောပါ။ သရုပ်ပြရှင်းစဉ် ကျောင်းသားများအား သတိပြုရမည့်အချက်များကို ပြောပြပါ။ ပထမကကွက်၏ ရှစ်ဝါးပြည့်လျှင် ဒုတိယကကွက်၏ ပထမစည်း စတင်ကြောင်း သတိပေးပါ။ တစ်ဆက်တည်း ကသည့် အကဖြစ်သောကြောင့် ခွင်အနေအထားသို့ ပြန်မနေဘဲ ဒုတိယကကွက်ကို ဆက်လက် ကရန် ဖြစ်သည်။

**လေ့ကျင့်ခြင်း**

ကကွက်များကို လေ့ကျင့်သင်ကြားပြီးပါက ကျောင်းသား နှစ်ဦး သို့မဟုတ် သုံးဦးဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ဆရာနှင့်အတူ လေ့ကျင့်ပါစေ။ ထိုသို့ လေ့ကျင့်ရာတွင် မှန်ကန်စွာ မကနိုင်သေးသော ကျောင်းသားများကို ကနိုင်သည့် ကျောင်းသားများက ကူညီ၍ ပူးပေါင်းလေ့ကျင့်ပါစေ။ ကျောင်းသားတိုင်းပါဝင်နိုင်ရန်နှင့် စနစ်တကျရှိရန် ဆရာက ကြီးကြပ်ပေးပါ။ တစ်ဖွဲ့က ကနေစဉ် ကျန်အဖွဲ့များက ကြည့်ရှုလေ့လာပါစေ။ အဖွဲ့လိုက် စည်းဝါးနှင့် အညီ ပျော်ရွှင်စွာကပါစေ။

**သတိပြုရန်အချက်**

- စာသင်ချိန် (၃) မှ အဓိကအချက်များကို ကျောင်းသားများအား ပြန်လည်ရှင်းလင်း ဆွေးနွေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း**

တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ သုံးပွင့်ဆိုင်အကကို လေ့ကျင့်နေစဉ် ဆရာက လိုက်ကြည့်၍ စည်းဝါးတကျ ကကွက်မှန်စွာ ကနိုင်မှု ရှိ မရှိ တို့ကို အကဲဖြတ်ပါ။ လိုအပ်ချက်များကို ဆရာက သင်ကြားပေးပါ။ ကျောင်းသားအချင်းချင်း အကြံပြု၍ ကူညီလေ့ကျင့်ပါစေ။ ပိုင်နိုင်စွာ မကနိုင်သေးသည့် ကကွက်များကို ဆရာက ထပ်မံလေ့ကျင့်ပေးပါ။ စနစ်တကျ မကနိုင်သေးသည့် ကျောင်းသားများကို စနစ်ကျစွာ ကနိုင်သည့်ကျောင်းသားများက အချင်းချင်းကူညီပေးပါ။

### ၂-၂ ကန်တော့ပန်းအကနှင့် ငှက်ပျောဖူးလက်အက စာသင်ချိန် ၄ ချိန်

**သင်ခန်းစာရည်ရွယ်ချက်များ**

► ကန်တော့ပန်းအကနှင့် ငှက်ပျောဖူးလက်အကတို့၏ ခေါင်း၊ ခါး၊ ခြေ၊ လက်၊ မျက်နှာ



DBE BOX

လှုပ်ရှားမှုများကို ရှင်းပြနိုင်ပြီး စည်းဝါးမှန်စွာ စနစ်တကျကပြတတ်ရန်

- အမျိုးသားအခြေခံကဗျာလွတ် ကကွက်များကို လက်တွေ့လေ့ကျင့်ပြီး မြန်မာ့ရိုးရာ အကပညာကို မြတ်နိုး တန်ဖိုးထားတတ်ရန်

## ၂-၂-၁ ကန်တော့ပန်းအကကို သင်ကြားလေ့ကျင့်ခြင်း စာသင်ချိန် (၁)

### သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

ကန်တော့ပန်းအက၏ ကကွက်ပုံများ (ကျောင်းသုံးစာအုပ်ပါ သရုပ်ဖော်ပုံများအပြင် သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံများ) ကို အသုံးပြုနိုင်သည်။ သင်ခန်းစာရှိ ကကွက်များပါသော ဗီဒီယိုဖိုင် (ကနည်းကဟန်) များကိုကြည့်ပြီး ဆရာက ကြိုတင်လေ့ကျင့်ထားပါ။

### သင်ခန်းစာမိတ်ဆက်ခြင်း

ဆရာက ကျောင်းသားများအား ဆဋ္ဌမတန်းတွင် မည်သည့်ကကွက်များ သင်ယူခဲ့ကြသနည်း။ ယင်းကကွက်များကို သင်ယူရာတွင် တွေ့ရှိရသော အခက်အခဲများနှင့် စိတ်ခံစားမှုတို့ကို မေး၍ နိဒါန်းပျိုးပါ။ ရရှိလာသော အဖြေပေါ်မူတည်၍ ကျောင်းသားအချင်းချင်း ဆွေးနွေးပါစေ။ လိုအပ်သည်များကို ဆရာက ဖြည့်စွက်ရှင်းလင်းပေးပါ။ ထို့နောက် အမျိုးသားအခြေခံကဗျာလွတ်အကပထမအဆင့်မှ ကန်တော့ပန်းအကကို ယနေ့လေ့ကျင့်ကြမည်ဟု ပြောပါ။ လေ့ကျင့်ရာတွင် ခေါင်း၊ ခါး၊ ခြေ၊ လက် စည်းဝါးမှန်စေရန် သတိပြုရမည်ဖြစ်ကြောင်း ပြောပါ။

### သင်ကြားခြင်း

ကျောင်းသုံးစာအုပ်ပါ ကကွက်အဆင့်များ သို့မဟုတ် ကကွက်ပုံများနှင့် သင်ထောက်ကူများကို ရည်ညွှန်း၍ ဆရာက ကျောင်းသားများအား ကပြပါ သို့မဟုတ် ဗီဒီယိုဖိုင်ဖွင့်ပြပါ။ ကကွက်တစ်ဆင့်ချင်းစီကို ဆရာက သင်ကြားပေးပါ။ ကျောင်းသားများအား ကကွက်အဆင့်များကို သေချာစွာမှတ်သား၍ လိုက်ကရန် ပြောပါ။ သရုပ်ပြရှင်းစဉ် ကျောင်းသားများ သတိထားရမည့်အချက်များကို ပြောပြပါ။

### လေ့ကျင့်ခြင်း

ကကွက်အဆင့်များအတိုင်း ရှင်းလင်းသင်ကြားပြီးပါက ကျောင်းသား နှစ်ဦး သို့မဟုတ် သုံးဦး ဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ဆရာနှင့်အတူ လေ့ကျင့်ပါစေ။ ထိုသို့ လေ့ကျင့်ရာတွင် မှန်ကန်စွာ မက နိုင်သေးသော ကျောင်းသားများကို ကနိုင်သည့် ကျောင်းသားများက ကူညီ၍ ပူးပေါင်းလေ့ကျင့်ပါစေ။ ကျောင်းသားတိုင်းပါဝင်နိုင်ရန်နှင့် စနစ်တကျရှိရန် ဆရာက ကြီးကြပ်ပေးပါ။ တစ်ဖွဲ့က ကနေစဉ် ကျန် အဖွဲ့များက ကြည့်ရှုလေ့လာပါစေ။ အဖွဲ့လိုက် စည်းဝါးနှင့်အညီ ပျော်ရွှင်စွာ ကပါစေ။

DBE BOX

**သတိပြုရန်အချက်**

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၇) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းလင်းဆွေးနွေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း**

တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ကန်တော့ပန်းအကကို လေ့ကျင့်နေစဉ် ဆရာက လိုက်ကြည့်၍ စည်းဝါးကျနစွာနှင့် ကကွက်မှန်စွာ ကနိုင်မှု ရှိ မရှိ တို့ကို အကဲဖြတ်ပါ။ လိုအပ်ချက်များကို ဆရာက သင်ကြားပေးပါ။ ကျောင်းသားအချင်းချင်း အကြံပြု၍ ကူညီလေ့ကျင့်ပါစေ။ ပိုင်နိုင်စွာ မကနိုင်သေးသည့် ကကွက်များကို ဆရာက ထပ်မံလေ့ကျင့်ပေးပါ။ စနစ်တကျ မကနိုင်သေးသည့် ကျောင်းသားများကို စနစ်ကျစွာ ကနိုင်သည့် ကျောင်းသားများက အချင်းချင်းကူညီပေးပါ။

## ၂-၂-၂ ငှက်ပျောဖူးလက်အကကို သင်ကြားလေ့ကျင့်ခြင်း စာသင်ချိန် (၂)

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

ငှက်ပျောဖူးလက်အက၏ ကကွက်ပုံများ (ကျောင်းသုံးစာအုပ်ပါ သရုပ်ဖော်ပုံများအပြင် သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံများ) ကို အသုံးပြုနိုင်သည်။ သင်ခန်းစာရှိ ကကွက်များပါသော ဗီဒီယိုဖိုင် (ကနည်းကဟန်) များကိုကြည့်ပြီး ဆရာက ကြိုတင်လေ့ကျင့်ထားပါ။

**သင်ခန်းစာမိတ်ဆက်ခြင်း**

ဆရာက ကျောင်းသားများအား စာသင်ချိန် (၁) တွင် သင်ယူခဲ့သော ကန်တော့ပန်းအကကို ကပြပါဟု ပြောပါ။ ကျောင်းသားများ ကပြသော ကကွက်များမှလိုအပ်ချက်များကို ဆရာက ဖြည့်စွက်ရှင်းလင်းပါ။ လိုအပ်ပါက ပြုပြင်ပေးပါ။ ဆက်လက်၍ ငှက်ပျောဖူးလက်အကကို လေ့ကျင့်ကြမည်ဟုပြော၍ နိဒါန်းပျိုးပါ။

**သင်ကြားခြင်း**

ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၇) နှင့် (၂၈) တို့မှ ကကွက်အဆင့်များကို ဆရာက ကပြပါ သို့မဟုတ် ဗီဒီယိုဖိုင်ကိုဖွင့်ပြ၍ ရှင်းလင်းသင်ကြားပါ။ ကကွက်တစ်ဆင့်ချင်းစီကို စနစ်တကျသင်ကြားပြီး ကျောင်းသားများအား လိုက်ကရန် ပြောပါ။ သရုပ်ပြရှင်းစဉ် ကျောင်းသားများ သတိထားရမည့်အချက်များကို ပြောပြပါ။

**လေ့ကျင့်ခြင်း**

အထက်ပါအတိုင်း ရှင်းလင်းသင်ကြားပြီးပါက ကျောင်းသား နှစ်ဦး သို့မဟုတ် သုံးဦးဖြစ်စေ၊

အုပ်စုလိုက်ဖြစ်စေ ဆရာနှင့်အတူ လေ့ကျင့်ပါစေ။ ထိုသို့ လေ့ကျင့်ရာတွင် မှန်ကန်စွာမက နိုင်သေးသော ကျောင်းသားများကို ကနိုင်သည့် ကျောင်းသားများက ကူညီ၍ ပူးပေါင်းလေ့ကျင့်ပါစေ။ လိုအပ်သည် များကို ဆရာက ဖြည့်စွက်သင်ကြားပေးပါ။ ကျောင်းသားတိုင်း ပါဝင်နိုင်ရန်နှင့် စနစ်တကျရှိရန် ဆရာက ကြီးကြပ်ပေးပါ။ တစ်ဖွဲ့က က နေစဉ် ကျန်အဖွဲ့များက ကြည့်ရှုလေ့လာပါစေ။ အဖွဲ့လိုက် စည်းဝါးနှင့်အညီ ပျော်ရွှင်စွာကပါစေ။

## သတိပြုရန်အချက်

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၈) မှ အဓိကအချက်များကို ကျောင်းသားများနားလည် အောင် ရှင်းလင်းဆွေးနွေးပါ။

## ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း

တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ငှက်ပျောဖူးလက်အကကို လေ့ကျင့်နေစဉ် ဆရာက လိုက်ကြည့်၍ စနစ်တကျနှင့် ကကွက်မှန်စွာ ကနိုင်မှု ရှိ မရှိတို့ကို အကဲဖြတ်ပါ။ လိုအပ်ချက်များကို ဆရာက သင်ကြားပေးပါ။ ကျောင်းသားအချင်းချင်း အကြံပြု၍ ကူညီလေ့ကျင့်ပါစေ။ ပိုင်နိုင်စွာ မကနိုင်သေးသည့် ကကွက်များကို ဆရာက ထပ်မံလေ့ကျင့်ပေးပါ။ စနစ်တကျ မကနိုင်သေးသည့် ကျောင်းသားများကို စနစ်ကျစွာ ကနိုင်သည့် ကျောင်းသားများက အချင်းချင်းကူညီပေးပါ။

## ၂-၂-၃ ကန်တော့ပန်းအကနှင့် ငှက်ပျောဖူးလက်အကတို့ကို စည်းဝါးဒိုးချက်တို့ဖြင့် သင်ကြားလေ့ကျင့်ခြင်း စာသင်ချိန် (၃)

## သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

စည်း၊ ဝါး၊ ကန်တော့ပန်းအကနှင့် ငှက်ပျောဖူးလက်အကတို့၏ ကကွက်ပုံများ (ကျောင်းသုံးစာအုပ်ပါ သရုပ်ဖော်ပုံများအပြင် သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံများ) ကို အသုံးပြုနိုင်သည်။ သင်ခန်းစာရှိ ကကွက်များပါသော ဗီဒီယိုဖိုင် (ကနည်းကဟန်) များကိုကြည့်ပြီး ဆရာက ကြိုတင် လေ့ကျင့်ထားပါ။

## သင်ခန်းစာမိတ်ဆက်ခြင်း

ဆရာက ကျောင်းသားများအား စာသင်ချိန် (၁) နှင့် (၂) တွင် သင်ယူခဲ့သော ကကွက်များကို ပြန်လည်လေ့ကျင့်ကြမည်ဟု ပြောပါ။ လေ့ကျင့်ရာတွင် ခေါင်း၊ ခါး၊ ခြေ၊ လက် စည်းဝါးမှန်စေရန် သတိပေးပါ။ လိုအပ်ပါက ပြုပြင်ပေးပါ။ ဆရာက စည်းနှင့်ဝါးကို တီးခတ်ပေးပါ။ ဆက်လက်၍ ယင်းကန်တော့ပန်းအကနှင့် ငှက်ပျောဖူးလက်အကတို့ကို စည်းဝါးဒိုးချက်တို့ဖြင့် သင်ကြားလေ့ကျင့်မည် ဟုပြော၍ နိဒါန်းပျိုးပါ။

**သင်ကြားခြင်း**

ပထမဦးစွာ ဆရာက စည်းဝါးတီးခတ်၍ အခြေခံကဗျာလွတ်ကကွက်၏ ဒိုးချက်သံ (တို့ဗေဒိုးဗေ တို့ဗေဒိုးဗေ ပြေး ပြေး တပ်ပြေး တပ်ပြေး တပ်) ကို အသံဖိုင်ဖွင့်၍ ဖြစ်စေ၊ နှုတ်မှရွတ်ဆို၍ဖြစ်စေ ကျောင်းသားများအား နားထောင်စေပါမည်။ ပထမလေးဝါးရှိ ဒိုးချက်သံသည် ကရန် အသင့်အနေအထား (ခွင်) ပုံစံ ယူထားရန် ဖြစ်သည်။ ပဉ္စမ မြောက်ဝါးချက်မှစ၍ အကစတင်ကြောင်း ရှင်းပြပါ။ ထို့နောက် ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၉)၊ (၃၀) နှင့် (၃၁) တို့မှ ရည်ညွှန်းချက်များအတိုင်း ဆရာက ကပြပါ သို့မဟုတ် ဗီဒီယိုဖိုင်ဖွင့်ပြ၍ သရုပ်ပြရှင်းပါ။ ကျောင်းသားများအား ဆရာ ကပြသော ကကွက်တစ်ဆင့်ချင်းကို သေချာစွာ ကြည့်ရှုလေ့လာစေပြီး စည်းဝါးနေရာများအား မှတ်သား၍ လိုက်ကရန် ပြောပါ။ စည်းဝါးဒိုးချက်မှန်မှန်နှင့် ခွင်ပုံစံမပျက် စနစ်တကျကရန် ဆရာက ကြီးကြပ်ပေးပါ။

**လေ့ကျင့်ခြင်း**

ကကွက်အဆင့်များအတိုင်း သင်ကြားလေ့ကျင့်ပြီးပါက ကျောင်းသား နှစ်ဦး သို့မဟုတ် သုံးဦး ဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ဆရာနှင့်အတူ လေ့ကျင့်ပါစေ။ ထိုသို့လေ့ကျင့်ရာတွင် မှန်ကန်စွာ မကနိုင်သေးသော ကျောင်းသားများကို ကနိုင်သည့် ကျောင်းသားများက ကူညီ၍ ပူးပေါင်းလေ့ကျင့်ပါစေ။ ကျောင်းသားတိုင်းပါဝင်နိုင်ရန်နှင့် စနစ်တကျရှိရန် ဆရာက ကြီးကြပ်ပေးပါ။ တစ်ဖွဲ့က ကနေစဉ် ကျန်အဖွဲ့များက ကြည့်ရှုလေ့လာပါစေ။ အဖွဲ့လိုက် စည်းဝါးဒိုးချက်နှင့်အညီ ပျော်ရွှင်စွာ ကပါစေ။

**သတိပြုရန်အချက်များ**

- ပဉ္စမမြောက်ဝါးမှာ အကစတင်ရန် အချက်ပေးဝါးဖြစ်၍ စည်းမှ စတင် ကပြပါ။
- (တို့ဗေဒိုးဗေ တို့ဗေဒိုးဗေ ပြေး ပြေး တပ်ပြေး တပ်ပြေး တပ်) ဒိုးချက်ကို အကစတင်ခြင်းနှင့် ကကွက်ကူးပြောင်းမှုများတွင် သတိပြုမိစေရန် အသုံးပြုသည်။

## ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း

တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ကန်တော့ပန်းအကကို လေ့ကျင့်နေစဉ် ဆရာက လိုက်ကြည့်၍ စည်းဝါးမှန်ကန်စွာနှင့် ကကွက်မှန်စွာ ကနိုင်ခြင်း ရှိ မရှိ တို့ကို အကဲဖြတ်ပါ။ လိုအပ်ချက်များကို ဆရာက သင်ကြားပေးပါ။ ကျောင်းသားအချင်းချင်း အကြံပြု၍ ကူညီလေ့ကျင့်ပါစေ။ ပိုင်နိုင်စွာ မကနိုင်သေးသည့် ကကွက်များကို ဆရာက ထပ်မံလေ့ကျင့်ပေးပါ။ စနစ်တကျ မကနိုင်သေးသည့် ကျောင်းသားများကို စနစ်ကျစွာ ကနိုင်သည့် ကျောင်းသားများက အချင်းချင်းကူညီပေးပါ။

DBE BOX

## ၂-၂-၄ ကန်တော့ပန်းအကနှင့် ငှက်ပျောဖူးလက်အကတို့ကို စည်းဝါးဒိုးချက်တို့ဖြင့် တစ်ဆက်တည်း သင်ကြားလေ့ကျင့်ခြင်း စာသင်ချိန် (၄)

### သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

စည်း၊ ဝါး၊ ကန်တော့ပန်းအကနှင့် ငှက်ပျောဖူးလက်အကတို့၏ ကကွက်ပုံများ (ကျောင်းသုံးစာအုပ်ပါ သရုပ်ဖော်ပုံများအပြင် သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံများ) ကို အသုံးပြုနိုင်သည်။ သင်ခန်းစာရှိ ကကွက်များပါသော ဗီဒီယိုဖိုင် (ကနည်းကဟန်) များကိုကြည့်ပြီး ဆရာက ကြိုတင်လေ့ကျင့်ထားပါ။

### သင်ခန်းစာမိတ်ဆက်ခြင်း

ဆရာက ကျောင်းသားများအား စာသင်ချိန် (၃) တွင် သင်ယူခဲ့သော ကကွက်များကို ပြန်လည်လေ့ကျင့်ကြမည်ဟုပြောပါ။ လေ့ကျင့်ရာတွင် ခေါင်း၊ ခါး၊ ခြေ၊ လက် စည်းဝါးမှန်စေရန် သတိပေးပါ။ လိုအပ်ပါက ပြုပြင်ပေးပါ။ ဆရာက စည်းနှင့်ဝါးကို တီးခတ်ပေးပါ။ ဆက်လက်၍ ယင်းကန်တော့ပန်းအကနှင့် ငှက်ပျောဖူးလက်အကတို့ကို စည်းဝါးဒိုးချက်တို့ဖြင့် တစ်ဆက်တည်း သင်ကြားလေ့ကျင့်မည်ဟုပြော၍ နိဒါန်းပျိုးပါ။

### သင်ကြားခြင်း

ပထမဦးစွာ ကန်တော့ပန်းအကနှင့် ငှက်ပျောဖူးလက်အကများကို ဆရာက တစ်ဆက်တည်း ကပြပါ သို့မဟုတ် ဗီဒီယိုဖိုင်ဖွင့်ပြ၍ ကကွက်အဆင့်များအတိုင်း သရုပ်ပြရှင်းပါ။ ကျောင်းသားများအား ဆရာကပြသော ကကွက်တစ်ဆင့်ချင်းစီကို သေချာစွာ ကြည့်ရှုလေ့လာစေပြီး လိုက်ကရန် ပြောပါ။ သရုပ်ပြရှင်းစဉ် ကျောင်းသားများအား သတိပြုရမည့်အချက်များကို ပြောပြပါ။ စည်းဝါးဒိုးချက်မှန်မှန်နှင့် (ခွင်) ပုံစံမပျက် စနစ်တကျ ကရန် ဆရာက ကြီးကြပ်ပေးပါ။ ပထမကကွက်၏ ရှစ်ဝါးပြည့်လျှင် ဒုတိယကကွက်၏ ပထမစည်း စတင်ကြောင်း သတိပေးပါ။ တစ်ဆက်တည်းကသည့် အကဖြစ်သောကြောင့် ခွင်အနေအထားသို့ ပြန်မနေဘဲ ဒုတိယကကွက်ကို ဆက်လက် ကရန်ဖြစ်သည်။

### လေ့ကျင့်ခြင်း

ကကွက်အဆင့်များအတိုင်း ကျောင်းသား နှစ်ဦး သို့မဟုတ် သုံးဦးဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ဆရာနှင့်အတူ လေ့ကျင့်ပါစေ။ ထိုသို့လေ့ကျင့်ရာတွင် မှန်ကန်စွာမကနိုင်သေးသော ကျောင်းသားများကို ကနိုင်သည့် ကျောင်းသားများကကူညီ၍ ပူးပေါင်းလေ့ကျင့်ပါစေ။ ကျောင်းသားတိုင်းပါဝင်နိုင်ရန်နှင့် စနစ်တကျရှိရန် ဆရာက ကြီးကြပ်ပေးပါ။ တစ်ဖွဲ့က ကနေစဉ် ကျန်အဖွဲ့များက ကြည့်ရှုလေ့လာပါစေ။ အဖွဲ့လိုက် စည်းဝါးဒိုးချက်နှင့်အညီ ပျော်ရွှင်စွာ ကပါစေ။



DBE BOX

**သတိပြုရမည့်အချက်**

- စာသင်ချိန် (၃) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် သေချာစွာ ရှင်းလင်းသင်ကြားပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း**

တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ငှက်ပျောဖူးလက်အကကို လေ့ကျင့်နေစဉ် ဆရာက လိုက်ကြည့်၍ ကကွက်အဆင့်အလိုက် စည်းဝါးတကျနှင့် မှန်ကန်စွာကနိုင်ခြင်း ရှိ မရှိ အကဲဖြတ်ပါ။ လိုအပ်ချက်များကို ဆရာက သင်ကြားပေးပါ။ ကျောင်းသားအချင်းချင်း အကြံပြု၍ ကူညီလေ့ကျင့်ပါစေ။ ပိုင်နိုင်စွာ မကနိုင်သေးသည့် ကကွက်များကို ဆရာက ထပ်မံလေ့ကျင့်ပေးပါ။ စနစ်တကျ မကနိုင်သေးသည့် ကျောင်းသားများကို စနစ်ကျစွာ ကနိုင်သည့် ကျောင်းသားများက အချင်းချင်းကူညီပေးပါ။

**အခန်း (၂) အကပညာကို ပြန်လည်သုံးသပ်ခြင်း**

အခန်း (၂) အကပညာ ပြန်လည်သုံးသပ်ခြင်းကို ကျောင်းသုံးစာအုပ် စာမျက်နှာ (၃၂) တွင် ကျောင်းသားများနှင့်အတူ ပြန်လည်လေ့ကျင့်သုံးသပ်ပါ။

DBE BOX

# အခန်း (၃)

## အတီးပညာ

**စုစုပေါင်းစာသင်ချိန် ၉ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

**သင်ယူမှုရလဒ်များ**

"သကြ်န်မိုး" သီချင်းကို သံစဉ်စည်းဝါး မှန်ကန်စွာ ပလွေဖြင့် တီးမှုတ်သီဆိုတတ်မည်။

"ဘယ်ပန်းချီရေးလို့မမီ" သီချင်းကို ပလွေဖြင့် သံစဉ်မှန်ကန်စွာ တီးမှုတ်တတ်လာမည်။

ဂီတသင်္ကေတ လေ့ကျင့်ခန်းများကို ထပ်ကာထပ်ကာ လေ့ကျင့်တီးမှုတ်ခြင်းဖြင့် ကဗျာများ၊ ကျေးလက်တေးများနှင့် အခြားတေးသီချင်းများကို ပလွေဖြင့် သံစဉ်မှန်ကန်စွာ တီးမှုတ်လာနိုင်မည်။

### ၃–၁ "သကြ်န်မိုး" သီချင်း စာသင်ချိန် ၃ ချိန်

**သင်ခန်းစာရည်ရွယ်ချက်**

- "သကြ်န်မိုး" သီချင်းကို သံစဉ်စည်းဝါး မှန်ကန်စွာဖြင့် စည်းဝါးတီးခတ် ခံစားသီဆိုတတ်ရန်
- "သကြ်န်မိုး" သီချင်းကို ပလွေတူရိယာဖြင့် လက်တွေ့တီးမှုတ်တတ်ရန်နှင့် ဂီတသင်္ကေတဖြင့် ရွတ်ဆိုတတ်ရန်

#### ၃–၁–၁ "သကြ်န်မိုး" သီချင်းကို အသံနေအသံထား၊ စည်းဝါးမှန်ကန်စွာ သီဆိုခြင်းနှင့် ဂီတသင်္ကေတကို ရွတ်ဆိုခြင်း စာသင်ချိန် (၁)

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

စည်း၊ ဝါး၊ ပလွေ ကျောင်းသုံးစာအုပ်ပါ သီချင်းစာသားနှင့် ဂီတသင်္ကေတများ သို့မဟုတ် ဗီနိုင်းကားချပ်များကိုလည်း အသုံးပြုနိုင်ပါသည်။ "သကြ်န်မိုး" သီချင်းကို ဆရာက ဗီဒီယိုဖိုင် သို့မဟုတ် အသံဖိုင်အား ကြည့်ရှုနားထောင်ပြီး ဂီတသင်္ကေတနှင့်တကွ ကြိုတင်လေ့ကျင့်ထားပါ။

**သင်ခန်းစာမိတ်ဆက်ခြင်း**

ဆရာက ကျောင်းသားများအား မိမိတို့ သင်ယူခဲ့ဖူးသော သီချင်းများကို မေးမြန်းပါ။ ယင်းတို့ကို သီဆိုရာတွင် မည်သည့်တူရိယာတို့ဖြင့် တီးမှုတ်သီဆိုခဲ့ကြသည်ကိုလည်း မေးမြန်းပါ။ ကျောင်းသားများ၏ ဖြေဆိုမှုကို နားထောင်ပြီး လိုအပ်သည်များကို ဆရာက ဖြည့်စွက်ရှင်းလင်းပါ။ ထို့နောက် မြန်မာလူမျိုးတို့၏ ရိုးရာသကြ်န်ပွဲတော်တွင် သီဆိုတီးမှုတ် ကပြလေ့ရှိသော "သကြ်န်မိုး" သီချင်းကို စည်းဝါးဖြင့် လက်တွေ့တီးခတ် သီဆိုလေ့ကျင့်ရမည်ဖြစ်ကြောင်း ပြောပါ။



DBE Box

**သင်ကြားခြင်း**

ပထမဦးစွာ "သကြ်န်မိုး" သီချင်းကို ဆရာက စည်းဝါးတီးခတ် သီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား သီချင်းစာသားကို သေချာစွာကြည့်၍ နားထောင်စေပါမည်။ သီချင်းစာသားများအား အသံနေအသံထားမှန်ကန်စွာ လေ့ကျင့်သင်ယူစေပါမည်။ ဆက်လက်၍ ဆရာက "သကြ်န်မိုး" သီချင်း ပထမပိုဒ်ကို ဂီတသင်္ကေတဖြင့် သီဆိုပြပါ။ ဂီတသင်္ကေတများကို ဆရာက ရွတ်ဆိုစဉ် ကျောင်းသားများက သင်္ကေတအမှတ်အသားများကို သေချာစွာကြည့်ရှုမှတ်သားပြီး ဆရာ့နောက်မှ လိုက်ဆိုပါစေ။ ဆရာနှင့်အတူ ၃ ကြိမ်ခန့် လေ့ကျင့်သီဆိုပါစေ။ ကျောင်းသားများကိုယ်တိုင် စည်းဝါးတီးခတ်၍ ရွတ်ဆိုပါစေ။

**လေ့ကျင့်ခြင်း**

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ "သကြ်န်မိုး" သီချင်းကို တစ်ဖွဲ့က စည်းဝါးတီးခတ်ပြီး ကျန်အဖွဲ့က ဂီတသင်္ကေတကို ရွတ်ဆိုပါစေ။ အချင်းချင်းအကဲဖြတ်ပါစေ။ အပြန်အလှန် အလှည့်ကျ သီဆိုပါစေ။ ကျောင်းသားတိုင်း ပါဝင်စေရန် ဆရာက ကြီးကြပ်ပေးပါ။

**သတိပြုရန်အချက်**

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃၅) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းလင်းဆွေးနွေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း**

အဖွဲ့လိုက် လေ့ကျင့်နေစဉ် ဆရာက လိုက်လံကြည့်ရှု၍ ကျောင်းသားအားလုံး ပါဝင်မှု ရှိ မရှိတို့ကို အကဲဖြတ်ပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

## ၃–၁–၂ "သကြ်န်မိုး" သီချင်းကို ပလွေဖြင့် တီးမှုတ်ခြင်း စာသင်ချိန် (၂)

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

စည်း၊ ဝါး၊ ပလွေ၊ ကျောင်းသုံးစာအုပ်ပါ သီချင်းစာသားနှင့် ဂီတသင်္ကေတများ သို့မဟုတ် ဗီနိုင်းကားချပ်များကိုလည်း အသုံးပြုနိုင်ပါသည်။ "သကြ်န်မိုး" သီချင်းကို ဆရာက ဗီဒီယိုဖိုင် သို့မဟုတ် အသံဖိုင်အား ကြည့်ရှုနားထောင်ပြီး ဂီတသင်္ကေတများကို ပလွေနှင့်တကွ ကြိုတင်လေ့ကျင့်ထားပါ။

**သင်ခန်းစာမိတ်ဆက်ခြင်း**

ဆရာက ကျောင်းသားများအား စာသင်ချိန် (၁) တွင် သင်ယူခဲ့ရသော သီချင်းကို သီဆိုရာတွင် တွေ့ရှိရသော အခက်အခဲများနှင့် စိတ်ခံစားမှုများကို မေးမြန်းပါ။ ကျောင်းသားများ၏ ဖြေဆိုမှုကို



DBE BOX

နားထောင်ပြီး လိုအပ်သည်များကို ဆရာက ဖြည့်စွက်ရှင်းလင်းပါ။ ဆက်လက်၍ ယင်းသီချင်းကို ပလွေဖြင့် တီးမှုတ်လေ့ကျင့်ရမည်ဖြစ်ကြောင်း ပြောပါ။

**သင်ကြားခြင်း**

ပထမဦးစွာ ကျောင်းသုံးစာအုပ်ပါ ပလွေတီးမှုတ်ရန် လေ့ကျင့်ခန်းများကို ဆရာက တီးမှုတ်ပြပါ။ ကျောင်းသားများအား သေချာစွာမှတ်သားစေ၍ မိမိတို့ကိုယ်တိုင် တီးမှုတ်လေ့ကျင့်ပါစေ။ "သကြ်န်မိုး" သီချင်း၏ ဂီတသင်္ကေတ ပထမ ၂ ဘားကို ဆရာက ပလွေဖြင့် လက်တွေ့တီးမှုတ်ပြပါ သို့မဟုတ် ဗီဒီယိုဖိုင် ဖွင့်ပြပါ။ ကျောင်းသားများအား သီချင်းစာသားကို ဂီတသင်္ကေတဖြင့် သေချာစွာ ကြည့်၍ နားထောင်စေပါမည်။ ဂီတသင်္ကေတအမှတ်အသားများကို သေချာစွာ ကြည့်ရှုမှတ်သားပြီး ဆရာ့နောက်မှ လိုက်ဆိုပါစေ သို့မဟုတ် လက်တွေ့တီးမှုတ်ပါစေ။ ဆရာနှင့်အတူ ၃ ကြိမ်ခန့် လေ့ကျင့်တီးမှုတ်ပါစေ။ ကျောင်းသားများကိုယ်တိုင် လက်တွေ့လေ့ကျင့်တီးမှုတ်ပါစေ။ အထက်ပါနည်းအတိုင်း ဒုတိယ၊ တတိယနှင့် စတုတ္ထ ၂ ဘားစီတို့ကို ဆက်လက်လေ့ကျင့် သင်ကြားပေးပါ။

**လေ့ကျင့်ခြင်း**

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ "သကြ်န်မိုး" သီချင်းကို တစ်ဖွဲ့က ဂီတသင်္ကေတ ရွတ်ဆိုပြီး ကျန်အဖွဲ့က ပလွေဖြင့် တီးမှုတ်လေ့ကျင့်ပါစေ။ အချင်းချင်းအကဲဖြတ်ပါစေ။ အပြန်အလှန် အလှည့်ကျ လေ့ကျင့်ပါစေ။ ပူးပေါင်းပါဝင် လေ့ကျင့်ပါစေ။ ကျောင်းသားတိုင်း ပါဝင်စေရန် ဆရာက ကြီးကြပ်ပေးပါ။

**သတိပြုရန်အချက်**

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃၇) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းလင်းဆွေးနွေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း**

အဖွဲ့လိုက် လေ့ကျင့်နေစဉ် ဆရာက လိုက်လံကြည့်ရှု၍ ကျောင်းသားအားလုံးပါဝင်မှု ရှိ မရှိတို့ကို အကဲဖြတ်ပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

## ၃-၁-၃ "သကြ်န်မိုး" သီချင်းကို ပလွေ၊ စည်းဝါး၊ အဆိုတို့ဖြင့် စုပေါင်းသီဆိုတီးမှုတ်လေ့ကျင့်ခြင်း စာသင်ချိန် (၃)

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

စည်း၊ ဝါး၊ ပလွေ၊ ကျောင်းသုံးစာအုပ်ပါ သီချင်းစာသားနှင့် ဂီတသင်္ကေတများ သို့မဟုတ် ဗီနိုင်းကားချပ်များကိုလည်း အသုံးပြုနိုင်ပါသည်။ "သကြ်န်မိုး" သီချင်းကို ဆရာက ဗီဒီယိုဖိုင် သို့မဟုတ်

အသံဖိုင်အား ကြည့်ရှုနားထောင်ပြီး ဂီတသင်္ကေတများကို ပလွေနှင့်တကွ ကြိုတင်လေ့ကျင့်ထားပါ။

**သင်ခန်းစာမိတ်ဆက်ခြင်း**

ဆရာက ကျောင်းသားများအား "သကြ်န်မိုး" သီချင်းကို ပလွေ၊ စည်းဝါးတို့ဖြင့် သာယာနာပျော်ဖွယ်ဖြစ်စေရန် တီးမှုတ်လေ့ကျင့်ရမည်ဖြစ်ကြောင်း ပြောပါ။

**သင်ကြားခြင်း**

ပထမဦးစွာ "သကြ်န်မိုး" သီချင်းကို ဆရာက ဝါးလတ်စည်းဖြင့် တီးခတ်သီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ စည်းချိန်မှန်မှန်ဖြင့် တီးခတ်ရသည်ကိုလည်း ပြောပြပါ။ ကျောင်းသားများအား သီချင်းစာသားနှင့် ဂီတသင်္ကေတများကို သေချာစွာကြည့်ရှုမှတ်သားပါစေ။ ဆက်လက်၍ သီချင်းပထမပိုဒ်ကို ဆရာက ပလွေဖြင့် လက်တွေ့တီးမှုတ်ပြပါ။ သံစဉ်အနိမ့်အမြင့်များကို သေချာစွာမှတ်သားပြီး ကျောင်းသားများကိုယ်တိုင် လေ့ကျင့်တီးမှုတ်ပါစေ။

**လေ့ကျင့်ခြင်း**

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ "သကြ်န်မိုး" သီချင်းစာသားကို တစ်ဖွဲ့က ရွတ်ဆိုပြီး ကျန်အဖွဲ့က ပလွေဖြင့် တီးမှုတ်လေ့ကျင့်ပါစေ။ အချင်းချင်းအကဲဖြတ်၍ အပြန်အလှန် အလှည့်ကျ ပူးပေါင်းပါဝင် လေ့ကျင့်ပါစေ။ ကျောင်းသားတိုင်းပါဝင်စေရန် ဆရာက ကြီးကြပ်ပေးပါ။

**သတိပြုရန်အချက်**

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃၈) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းလင်းဆွေးနွေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း**

အဖွဲ့လိုက် လေ့ကျင့်နေစဉ် ဆရာက လိုက်လံကြည့်ရှု၍ ကျောင်းသားအားလုံး ပါဝင်မှု ရှိ မရှိ တို့ကို အကဲဖြတ်ပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက် သင်ကြားပေးပါ။

**၃-၂ "ဘယ်ပန်းချီရေးလို့မမီ" သီချင်း** **စာသင်ချိန် ၃ ချိန်**

**သင်ခန်းစာရည်ရွယ်ချက်**

- "ဘယ်ပန်းချီရေးလို့မမီ" သီချင်းကို သံစဉ်စည်းဝါး မှန်ကန်စွာဖြင့် စည်းဝါးတီးခတ် ခံစားသီဆိုတတ်ရန်
- "ဘယ်ပန်းချီရေးလို့မမီ" သီချင်းကို ပလွေတူရိယာဖြင့် လက်တွေ့တီးမှုတ်တတ်ရန်နှင့် ဂီတသင်္ကေတဖြင့် ရွတ်ဆိုတတ်ရန်



DBE BOX

## ၃–၂–၁ "ဘယ်ပန်းချီရေးလို့မမီ" သီချင်းကို အသံနေအသံထား၊ စည်းဝါး မှန်ကန်စွာ သီဆိုခြင်းနှင့် ဂီတသင်္ကေတကို ရွတ်ဆိုခြင်း စာသင်ချိန် (၁)

### သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

စည်း၊ ဝါး၊ ပလွေ၊ ကျောင်းသုံးစာအုပ်ပါ သီချင်းစာသားနှင့် ဂီတသင်္ကေတများ သို့မဟုတ် ဗီနိုင်း ကားချပ်များကိုလည်း အသုံးပြုနိုင်ပါသည်။ "ဘယ်ပန်းချီရေးလို့မမီ" သီချင်းကို ဆရာက ဗီဒီယိုဖိုင် သို့မဟုတ် အသံဖိုင်အား ကြည့်ရှုနားထောင်ပြီး ဂီတသင်္ကေတများကို ပလွေနှင့်တကွ ကြိုတင်လေ့ကျင့်ထားပါ။

### သင်ခန်းစာမိတ်ဆက်ခြင်း

ဆရာက ကျောင်းသားများအား မိမိတို့ပတ်ဝန်းကျင်တွင် မည်သည့်သီချင်းများကို ကြားဖူးသနည်းဟု မေးမြန်းပါ။ ယင်းတို့ကို သီဆိုရာတွင် မည်သည့်တူရိယာတို့ဖြင့် တီးမှုတ်သီဆိုခဲ့ကြသည်ကိုလည်း မေးမြန်းပါ။ ကျောင်းသားများ၏ ဖြေဆိုမှုကို နားထောင်ပြီး လိုအပ်သည်များကို ဆရာက ဖြည့်စွက်ရှင်းလင်းပါ။ ထို့နောက် မိဘမေတ္တာအကြောင်း ဖွဲ့သီထားသော မြန်မာသံစဉ် ကာလပေါ် သီချင်းဖြစ်သည့် "ဘယ်ပန်းချီရေးလို့မမီ" သီချင်းကို သင်ကြားမည်ဖြစ်ကြောင်း၊ သီချင်းသီဆိုရာတွင် ဝါးလတ်စည်းဖြင့် တီးခတ်သီဆိုရမည်ဖြစ်ကြောင်း ပြောပါ။

### သင်ကြားခြင်း

ပထမဦးစွာ "ဘယ်ပန်းချီရေးလို့မမီ" သီချင်းကို ဆရာက စည်းဝါးတီးခတ် သီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား သီချင်းစာသားကို သေချာစွာကြည့်၍ နားထောင်စေပါမည်။ သီချင်းစာသားများအား အသံနေအသံထားမှန်ကန်စွာ လေ့ကျင့်သင်ယူစေပါမည်။ ဆက်လက်၍ ဆရာက "ဘယ်ပန်းချီရေးလို့မမီ" သီချင်း ပထမပိုဒ်ကို ဂီတသင်္ကေတဖြင့် သီဆိုပြပါ။ ဂီတသင်္ကေတများကို ဆရာက ရွတ်ဆိုစဉ် ကျောင်းသားများက သင်္ကေတအမှတ်အသားများကို သေချာစွာကြည့်ရှုမှတ်သားပြီး ဆရာ့နောက်မှ လိုက်ဆိုပါစေ။ ဆရာနှင့်အတူ ၃ ကြိမ်ခန့် လေ့ကျင့်သီဆိုပါစေ။ ကျောင်းသားများကိုယ်တိုင် စည်းဝါးတီးခတ်၍ ရွတ်ဆိုပါစေ။

### လေ့ကျင့်ခြင်း

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ "ဘယ်ပန်းချီရေးလို့မမီ" သီချင်းကို တစ်ဖွဲ့က စည်းဝါးတီးခတ်ပြီး ကျန်အဖွဲ့က ဂီတသင်္ကေတကို ရွတ်ဆိုပါစေ။ အချင်းချင်းအကဲဖြတ်၍ အပြန်အလှန် အလှည့်ကျ သီဆိုပါစေ။ ကျောင်းသားတိုင်းပါဝင်စေရန် ဆရာက ကြီးကြပ်ပေးပါ။

DBE BOX

**သတိပြုရန်အချက်**

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄၀) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းလင်းဆွေးနွေးပါ။

## ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း

အဖွဲ့လိုက် လေ့ကျင့်နေစဉ် ဆရာက လိုက်လံကြည့်ရှု၍ ကျောင်းသားအားလုံး ပါဝင်မှု ရှိ မရှိတို့ကို အကဲဖြတ်ပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက် သင်ကြားပေးပါ။

## ၃-၂-၂ "ဘယ်ပန်းချီရေးလို့မမီ" သီချင်းကို ပလွေဖြင့် တီးမှုတ်ခြင်း စာသင်ချိန် (၂)

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

စည်း၊ ဝါး၊ ပလွေ၊ ကျောင်းသုံးစာအုပ်ပါ သီချင်းစာသားနှင့် ဂီတသင်္ကေတများ သို့မဟုတ် ဗီနိုင်းကားချပ်များကိုလည်း အသုံးပြုနိုင်ပါသည်။ "ဘယ်ပန်းချီရေးလို့မမီ" သီချင်းကို ဆရာက ဗီဒီယိုဖိုင် သို့မဟုတ် အသံဖိုင်အား ကြည့်ရှုနားထောင်ပြီး ဂီတသင်္ကေတများကို ပလွေနှင့်တကွ ကြိုတင်လေ့ကျင့်ထားပါ။

**သင်ခန်းစာမိတ်ဆက်ခြင်း**

ဆရာက ကျောင်းသားများအား စာသင်ချိန် (၁) တွင် သင်ယူခဲ့ရသော သီချင်းကို သီဆိုရာတွင် တွေ့ရှိရသော အခက်အခဲများနှင့် စိတ်ခံစားမှုများကို မေးမြန်းပါ။ ကျောင်းသားများ၏ ဖြေဆိုမှုကို နားထောင်ပြီး လိုအပ်သည်များကို ဆရာက ဖြည့်စွက်ရှင်းလင်းပါ။ ဆက်လက်၍ ယင်းသီချင်းကို ပလွေဖြင့် တီးမှုတ်လေ့ကျင့်ရမည်ဖြစ်ကြောင်း ပြောပါ။

**သင်ကြားခြင်း**

ပထမဦးစွာ "ဘယ်ပန်းချီရေးလို့မမီ" သီချင်း၏ ဂီတသင်္ကေတ အပိုဒ် (၁) ကို ဆရာက ပလွေဖြင့် လက်တွေ့ တီးမှုတ်ပြပါ သို့မဟုတ် ဗီဒီယိုဖိုင် ဖွင့်ပြပါ။ ကျောင်းသားများအား သီချင်းစာသားကို ဂီတသင်္ကေတဖြင့် သေချာစွာကြည့်၍ နားထောင်စေပါမည်။ ဂီတသင်္ကေတအမှတ်အသားများကို သေချာစွာ ကြည့်ရှုမှတ်သားပြီး ဆရာ့နောက်မှ လိုက်ဆိုပါစေ သို့မဟုတ် လက်တွေ့တီးမှုတ်ပါစေ။ ဆရာနှင့် အတူ ၃ ကြိမ်ခန့် လေ့ကျင့်တီးမှုတ်ပါစေ။ ကျောင်းသားများကိုယ်တိုင် လက်တွေ့လေ့ကျင့်တီးမှုတ်ပါစေ။ အထက်ပါနည်းအတိုင်း အပိုဒ် (၂)၊ အပိုဒ် (၃)နှင့် အပိုဒ် (၄)တို့ကို ဆက်လက်လေ့ကျင့်သင်ကြားပေးပါ။

DBE BOX

**လေ့ကျင့်ခြင်း**

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ "ဘယ်ပန်းချီရေးလို့မမီ" သီချင်းကို တစ်ဖွဲ့က ဂီတသင်္ကေတ ရွတ်ဆိုပြီး ကျန်အဖွဲ့က ပလွေဖြင့် တီးမှုတ်လေ့ကျင့်ပါစေ။ အချင်းချင်းအကဲဖြတ်၍ အပြန်အလှန်အလှည့်ကျ ပူးပေါင်းပါဝင်လေ့ကျင့်ပါစေ။ ကျောင်းသားတိုင်းပါဝင်စေရန် ဆရာက ကြီးကြပ်ပေးပါ။

**သတိပြုရန်အချက်**

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄၁) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းလင်းဆွေးနွေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း**

အဖွဲ့လိုက် လေ့ကျင့်နေစဉ် ဆရာက လိုက်လံကြည့်ရှု၍ ကျောင်းသားအားလုံးပါဝင်မှု ရှိ မရှိတို့ကို အကဲဖြတ်ပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

**၃-၂-၃ "ဘယ်ပန်းချီရေးလို့မမီ" သီချင်းကို ပလွေ၊ စည်း၀ါး၊ အဆိုတို့ဖြင့် စုပေါင်းသီဆို တီးမှုတ်လေ့ကျင့်ခြင်း စာသင်ချိန် (၃)**

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

စည်း၊ ဝါး၊ ပလွေ၊ ကျောင်းသုံးစာအုပ်ပါ သီချင်းစာသားနှင့် ဂီတသင်္ကေတများ သို့မဟုတ် ဗီနိုင်းကားချပ်များကိုလည်း အသုံးပြုနိုင်ပါသည်။ "ဘယ်ပန်းချီရေးလို့မမီ" သီချင်းကို ဆရာက ဗီဒီယိုဖိုင် သို့မဟုတ် အသံဖိုင်အား ကြည့်ရှုနားထောင်ပြီး ဂီတသင်္ကေတများကို ပလွေနှင့်တကွ ကြိုတင်လေ့ကျင့်ထားပါ။

**သင်ခန်းစာမိတ်ဆက်ခြင်း**

ဆရာက ကျောင်းသားများအား "ဘယ်ပန်းချီရေးလို့မမီ" သီချင်းကို ပလွေ၊ စည်းဝါးတို့ဖြင့် သာယာနာပျော်ဖွယ်ဖြစ်စေရန် တီးမှုတ်လေ့ကျင့်ရမည် ဖြစ်ကြောင်းပြောပါ။

**သင်ကြားခြင်း**

ပထမဦးစွာ "ဘယ်ပန်းချီရေးလို့မမီ" သီချင်းကို ဆရာက ဝါးလတ်စည်းဖြင့် တီးခတ်သီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ စည်းချိန်မှန်မှန်ဖြင့် တီးခတ်ရသည်ကိုလည်းပြောပြပါ။ ကျောင်းသားများအား သီချင်းစာသားနှင့် ဂီတသင်္ကေတများကို သေချာစွာကြည့်ရှုမှတ်သားပါစေ။ ဆက်လက်၍ သီချင်းအပိုဒ် (၁) ကို ဆရာက ပလွေဖြင့် လက်တွေ့တီးမှုတ်ပြပါ။ သံစဉ်အနိမ့်အမြင့်များကို သေချာစွာမှတ်သားပြီး

DBE BOX

ကျောင်းသားများကိုယ်တိုင် လေ့ကျင့်တီးမှုတ်ပါစေ။

**လေ့ကျင့်ခြင်း**

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ "ဘယ်ပန်းချီရေးလို့မမီ" သီချင်းစာသားကို တစ်ဖွဲ့က ရွတ်ဆိုပြီး ကျန်အဖွဲ့က ပလွေဖြင့် တီးမှုတ်လေ့ကျင့်ပါစေ။ အချင်းချင်းအကဲဖြတ်၍ အပြန်အလှန် အလှည့်ကျ ပူးပေါင်းပါဝင် လေ့ကျင့်ပါစေ။ ကျောင်းသားတိုင်းပါဝင်စေရန် ဆရာက ကြီးကြပ်ပေးပါ။

**သတိပြုရန်အချက်**

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄၂) မှ အဓိကအချက်များကို ကျောင်းသားများ နားလည် အောင် ရှင်းလင်းဆွေးနွေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း**

အဖွဲ့လိုက် လေ့ကျင့်နေစဉ် ဆရာက လိုက်လံကြည့်ရှု၍ ကျောင်းသားအားလုံး ပါဝင်မှု ရှိ မရှိတို့ကို အကဲဖြတ်ပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက် သင်ကြားပေးပါ။

**၃-၃ အထွေထွေဗဟုသုတ** **စာသင်ချိန် ၃ ချိန်**

**၃-၃-၁ ဝန်ကြီးပဒေသရာဇာ** **စာသင်ချိန် (၁)**

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

ဆရာက ကျောင်းသုံးစာအုပ်ပါ ဝန်ကြီးပဒေသရာဇာအကြောင်းကို သေချာစွာ ဖတ်ရှုမှတ်သား ထားရမည်ဖြစ်သည်။

**သင်ခန်းစာမိတ်ဆက်ခြင်း**

ဆရာက ကျောင်းသားများအား မိမိတို့သိသော မြန်မာ့ဂီတအနုပညာရှင်များကို မေးမြန်းပါ။ ဖြေဆိုမှုကို နားထောင်ပြီး ထပ်မံဖြည့်စွက်ပြောကြားပါ။ ထို့နောက် မြန်မာ့စာပေနှင့် ဂီတသမိုင်းတွင် ကမ္ဘည်းမော်ကွန်းတင်ခဲ့ကာ လေးစားအတုယူထိုက်သော စာဆိုရှင် ဝန်ကြီးပဒေသရာဇာအကြောင်း ဗဟုသုတဖြစ်ဖွယ် ပြောကြားမည်ဖြစ်ကြောင်းပြောပါ။

**သင်ကြားခြင်း**

ဆရာက ကျောင်းသုံးစာအုပ်ပါ ဝန်ကြီးပဒေသရာဇာ၏ အတ္ထုပ္ပတ္တိအကြောင်း၊ ပဒေသရာဇာဘွဲ့ ပေးအပ်ချီးမြှင့်ခံခဲ့ရပုံ၊ ရေးဖွဲ့ခဲ့သော သီချင်းအမျိုးအစားများ၊ မြန်မာ့စာပေနှင့် ဂီတသမိုင်းတွင် လေးစားအတုယူထိုက်သော စာဆိုရှင်ကြီးဖြစ်ကြောင်း ရှင်းပြပါ။

**လေ့ကျင့်ခြင်း**

ဝန်ကြီးပဒေသရာဇာအကြောင်းကို ကျောင်းသားများအား အုပ်စုလိုက် ဆွေးနွေးပါစေ။ ကျောင်းသားတိုင်း ပါဝင်နိုင်ရန် ဆရာကကြီးကြပ်ပေးပါ။ ဆရာက အောက်ပါမေးခွန်းများကို မေးမြန်း ဆွေးနွေးပါ။

၁။ ဝန်ကြီးပဒေသရာဇာသည် မည်သည့်ခေတ်တွင် ထင်ရှားသောစာဆိုဖြစ်သနည်း။

၂။ ပဒေသရာဇာဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ကို ရှင်းပြပါ။

၃။ ဝန်ကြီးပဒေသရာဇာသည် မည်သည်တို့ကို ရေးသားပြုစုခဲ့သနည်း။

၄။ ဝန်ကြီးပဒေသရာဇာရေးသားခဲ့သော တျာချင်း (၃) ခုမျှကို ဖော်ပြပါ။

**မေးခွန်းများအတွက်အဖြေများ**

၁။ ဝန်ကြီးပဒေသရာဇာသည် ညောင်ရမ်းခေတ်တွင် ထင်ရှားသောစာဆိုဖြစ်ပါသည်။

၂။ ပဒေသရာဇာဟူသော ဝေါဟာရ၏အဓိပ္ပာယ်မှာ ဘုရင်ငယ်တစ်ဆူဟု အဓိပ္ပာယ်ရပါသည်။

၃။ ဝန်ကြီးပဒေသရာဇာသည် ကြိုးသီချင်းများ၊ တျာချင်းဘွဲ့များ၊ သီချင်းခံများ၊ တမ်းချင်း၊ ဧချင်း၊ အဲချင်း၊ လူတား၊ ရတုပိုဒ်စုံ၊ တေးထပ်နှင့် ပျို့သီချင်းများကို ရေးသားပြုစုခဲ့ပါသည်။

၄။ ဝန်ကြီးပဒေသရာဇာရေးသားခဲ့သော တျာချင်း (၃) ခုမှာ ထန်းတက်ဘွဲ့ (နွေဦးကာလ)၊ လယ်ထွန်ဘွဲ့ (ဝဿန်ကာလ) နှင့် ပိန်းကောလှေဘွဲ့ (မိုးဦးကာလ) စသည်တို့ဖြစ်ပါသည်။ (မှတ်ချက် - အခြားတျာချင်းများကိုလည်း ဖြေဆိုနိုင်ပါသည်။)

**သတိပြုရန်အချက်**

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄၃) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းလင်းဆွေးနွေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း**

အဖွဲ့လိုက် ဆွေးနွေးဖြေဆိုနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ ကျောင်းသားအားလုံး ပါဝင်ဖြေဆိုမှု ရှိ မရှိတို့ကို အကဲဖြတ်ပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက် သင်ကြားပေးပါ။

**၃-၃-၂ ဝါးလတ်စည်း** **စာသင်ချိန် (၂)**

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

ဆရာက ကျောင်းသုံးစာအုပ်ပါ ဝါးလတ်စည်းအကြောင်းကို သေချာစွာ ဖတ်ရှုမှတ်သားထားရမည်ဖြစ်သည်။



DBEBOX

## သင်ခန်းစာမိတ်ဆက်ခြင်း

မြန်မာ့ဂီတအနုပညာတွင် စည်းနှင့်ဝါးသည် အခြေခံအကျဆုံးနှင့် အဓိက အရေးကြီးသော တူရိယာဖြစ်ကြောင်း၊ သီချင်းသံစဉ်နှင့်အတူ စည်းဝါးမှန်ကန်စွာ စည်းချိန်ကောင်းမှသာ သီချင်းသည် ပို၍ ရသမြောက်မည်ဖြစ်ကြောင်းနှင့် အကပညာရပ်တွင်လည်း စည်းဝါးမှန်ကန်ပြီး ဒိုးကွက်စည်းချက် ညီမျှမှသာ ရသမြောက်သော ကကွက်ကို ကနိုင်မည်ဖြစ်ကြောင်းပြောပါ။

## သင်ကြားခြင်း

ဆရာက ကျောင်းသုံးစာအုပ်ပါ အခြေခံစည်းဝါးတီးခတ်နည်း ၄ မျိုး၏ အခြေခံအကြောင်းအရာများကို ရှင်းလင်းသင်ကြားပါ။

## လေ့ကျင့်ခြင်း

အခြေခံစည်းဝါးတီးခတ်နည်း အကြောင်းအရာများကို ကျောင်းသားများအား အုပ်စုလိုက် ဆွေးနွေးပါစေ။ ကျောင်းသားတိုင်းပါဝင်နိုင်ရန် ဆရာကကြီးကြပ်ပေးပါ။ ဆရာက အောက်ပါမေးခွန်းများကို မေးမြန်းဆွေးနွေးပါ။

၁။ အခြေခံစည်းဝါးတီးခတ်နည်း မည်မျှရှိသနည်း။ ယင်းတို့ကို ဖော်ပြပါ။

၂။ မည်သို့သောစည်းကို ဝါးလတ်စည်းဟု ခေါ်သနည်း။

၃။ ဝါးလတ်စည်းကို မည်သို့တီးခတ်နိုင်သနည်း။

## မေးခွန်းများအတွက်အဖြေများ

၁။ အခြေခံစည်းဝါးတီးခတ်နည်း ၄ မျိုးရှိပါသည်။ ယင်းတို့မှာ စည်းသုတ်တီးခတ်နည်း၊ ဝါးလတ်စည်းတီးခတ်နည်း၊ စုံစည်းတီးခတ်နည်းနှင့် နရီစည်းတီးခတ်နည်းစသည်တို့ဖြစ်ပါသည်။

၂။ စည်းတစ်ချက်၊ ဝါးတစ်ချက်ဖြင့် တစ်လှည့်စီ တီးခတ်ခြင်းကို ဝါးလတ်စည်းဟုခေါ်သည်။

၃။ သီချင်းအမျိုးအစားပေါ် မူတည်၍ ဝါးလတ်စည်းအစိပ်နှင့် အကျဲ ၂ မျိုး ခွဲခြားတီးခတ်နိုင်ပါသည်။

## သတိပြုရန်အချက်

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄၅) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းလင်းဆွေးနွေးပါ။

## ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း

အဖွဲ့လိုက် ဆွေးနွေးဖြေဆိုနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ ကျောင်းသားအားလုံး ပါဝင်ဖြေဆိုမှု ရှိ မရှိတို့ကို အကဲဖြတ်ပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

DBE BOX

## ၃-၃-၃ မြန်မာ့ဝါးပတ္တလားတူရိယာ စာသင်ချိန် (၃)

### သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

ဆရာက ကျောင်းသုံးစာအုပ်ပါ မြန်မာ့ဝါးပတ္တလားတူရိယာအကြောင်းကို သေချာစွာ ဖတ်ရှုမှတ်သားထားရမည်ဖြစ်သည်။

### သင်ခန်းစာမိတ်ဆက်ခြင်း

ဆရာက ကျောင်းသားများအား မိမိတို့ကြားဖူး၊ မြင်ဖူး၊ လက်တွေ့ တီးမှုတ်ဖူးသော မြန်မာ့ရိုးရာတူရိယာများကို မေးမြန်းပါ။ ကျောင်းသားများ၏ ဖြေဆိုမှုမှ လိုအပ်သည်များကို ဆရာက ဖြည့်စွက်ပြောကြားပါ။ ထို့နောက် မြန်မာ့ယဉ်ကျေးမှု အနုပညာတူရိယာတစ်မျိုးဖြစ်သော ဝါးပတ္တလားတူရိယာအကြောင်း ဗဟုသုတဖြစ်ဖွယ် ရှင်းလင်းသင်ကြားမည်ဖြစ်ကြောင်းပြောပါ။

### သင်ကြားခြင်း

ဆရာက ကျောင်းသုံးစာအုပ်ပါ ဝါးပတ္တလားတူရိယာအကြောင်းကို ရှင်းလင်းသင်ကြားပါ။ ပတ္တလားသည် အတီးပညာရပ်များအတွက် အခြေခံအကျဆုံး တူရိယာဖြစ်ကြောင်း၊ ပတ္တလားအိမ်၊ ပတ္တလားအရွက်နှင့် လက်ခတ်ဟူ၍ ပါဝင်ကြောင်း၊ ပတ္တလားအရွက်တွင် ပတ္တလားအဆံ ၂၄ ဆံ ရှိပြီး သံစဉ် ၇ ပါး ၃ ပြန် ပါဝင်ကြောင်း ရှင်းလင်းပြောကြားပါ။

### လေ့ကျင့်ခြင်း

ကျောင်းသုံးစာအုပ်ပါ ပတ္တလားသံစဉ် ၇ ပါးမှ အနိမ့်သံ၊ အလယ်သံနှင့် အမြင့်သံတို့ကို ဆရာနှင့်အတူ လေ့ကျင့်ခြင်းနှင့် ဝါးပတ္တလားကို မြန်မာ့ယဉ်ကျေးမှုပစ္စည်းအဖြစ် အသုံးပြုပုံများကို ဆွေးနွေးမေးမြန်းပါ။

### သတိပြုရန်အချက်

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄၇) မှ အဓိကအချက်များကို ကျောင်းသားများနှင့် ဆွေးနွေးသင်ကြားပါ။

### ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း

တစ်ဦးချင်းဖြစ်စေ သို့မဟုတ် အဖွဲ့လိုက်ဖြစ်စေ လေ့ကျင့်နေစဉ် ဆရာက လိုက်လံကြည့်ရှု၍ ကျောင်းသားများ စိတ်ပါဝင်စားစွာ လုပ်ဆောင်မှု ရှိ မရှိတို့ကို အကဲဖြတ်ပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက် သင်ကြားပေးပါ။

DBE BOX

## အခန်း (၃) အတီးပညာကို ပြန်လည်သုံးသပ်ခြင်း

အခန်း (၃) အတီးပညာ ပြန်လည်သုံးသပ်ခြင်းကို ကျောင်းသုံးစာအုပ် စာမျက်နှာ (၄၇) တွင် ကျောင်းသားများနှင့်အတူ ပြန်လည်လေ့ကျင့်သုံးသပ်ပါ။

## မှီငြမ်းကိုးကားချက်များ


- ဘသောင်း၊ ဗိုလ်မှူး။ (၂၀၀၂) စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ ရန်ကုန်၊ ရာပြည့်။
- ထွန်းရီ၊ ရွှေဟောင်းသုတေသီ။ (၂၀၁၇) ညောင်ရမ်းခေတ်စာဆိုဝန်ကြီးပဒေသရာဇာ၊ ရန်ကုန်၊ မိဘဂုဏ်စာပေ။
- မြင့်ကြည်၊ ဦး။ (၂၀၀၁) မြန်မာ့တေးဂီတအနုစာပေသမိုင်း၊ ပညာရေးဝန်ကြီးဌာန။
- https://www.facebook.com/1642531262507069/videos/1770104183083109/
- https://www.facebook.com/1642531262507069/videos/1770100953083432/


DBE BOX

## အခန်း (၃) အတီးပညာကို ပြန်လည်သုံးသပ်ခြင်း

အခန်း (၃) အတီးပညာ ပြန်လည်သုံးသပ်ခြင်းကို ကျောင်းသုံးစာအုပ် စာမျက်နှာ (၄၇) တွင် ကျောင်းသားများနှင့်အတူ ပြန်လည်လေ့ကျင့်သုံးသပ်ပါ။

## မှီငြမ်းကိုးကားချက်များ


- ဘသောင်း၊ ဗိုလ်မှူး။ (၂၀၀၂) စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ ရန်ကုန်၊ ရာပြည့်။
- ထွန်းရီ၊ ရွှေဟောင်းသုတေသီ။ (၂၀၁၇) ညောင်ရမ်းခေတ်စာဆိုဝန်ကြီးပဒေသရာဇာ၊ ရန်ကုန်၊ မိဘဂုဏ်စာပေ။
- မြင့်ကြည်၊ ဦး။ (၂၀၀၁) မြန်မာ့တေးဂီတအနုစာပေသမိုင်း၊ ပညာရေးဝန်ကြီးဌာန။
- https://www.facebook.com/1642531262507069/videos/1770104183083109/
- https://www.facebook.com/1642531262507069/videos/1770100953083432/


DBE BOX